# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းတရားကိုရှာဖွေ**

သစ်သားဖြင့်ပြုလုပ်သောရထားသည် အိုမင်းပျက်စီးရ၏။ ခန္ဓာကိုယ်သည်လည်း အိုမင်းပျက်စီးရ၏။ သူတော်ကောင်းတရားသည်ကား အိုမင်းဆွေးမြည့်ခြင်းသို့ မရောက်နိုင်ချေ။ (သူတော်ကောင်းတရားဟူသည် ထာဝရမြဲမြံရှင်သန်ခြင်းသဘောရှိ၍ သူတော်ကောင်းတရားကို ရှာဖွေရယူကျင့်သုံးသင့်သည်။)

ဇရာဝဂ်(ဓမ္မပဒ-၁၅၁)


၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday , 22 September 2016 (၈၆၉၂)


# (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဖွင့်ပွဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

နယူးယောက် စက်တင်ဘာ ၂၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့နံနက်ပိုင်းတွင် ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသည့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။** (အောက်ပုံ)

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂဌာနချုပ် Conference Room (3) တွင် ကျင်းပသည့် High - Level event on "Together for the 2030 Agenda: Partnering for Women, Children and Adolescent, to Thrive and Transform the World" အဆင့်မြင့်အခမ်းအနားသို့ တက်ရောက်သည်။


**စာမျက်နှာ ၃ ကော်လံ ၅ သို့** ☆




လုံခြုံမှုရှိသောပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော လူ့ဘောင်သစ်တစ်ခု တည်ဆောက်ရန်လိုအပ်


စာမျက်နှာ » ၇


စက်မှုစွမ်းအားနဲ့ ခေတ်ကိုကျော်လွှားအောင် ဘယ်လိုလုပ်ကြမလဲ


စာမျက်နှာ » ၁၈





## ကြေးမုံ

# လူမှုဘဝလုံခြုံမှုကို ကိုယ်စီတာဝန်ယူ

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးတွင် အရေးပါသည့်လုပ်ငန်းစဉ်များရှိပါသည်။ အဆိုပါလုပ်ငန်းများတွင် ဧည့်စာရင်းတိုင်ကြားခြင်းလုပ်ငန်းလည်းပါဝင်ခဲ့ပြီး ထိုလုပ်ငန်းစဉ်ကို လုံခြုံရေးရှုထောင့်မှကြည့်၍ ယခင်ခေတ် ကာလအဆက်ဆက်က ဆောင်ရွက်ခဲ့ရာ ရပ်ရွာနေပြည်သူများအတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသော မျက်မှောက်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေပါ ဧည့်စာရင်းတိုင်ကြားရေးပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က မဲခွဲဆုံးဖြတ်ပြီး ပယ်ဖျက်လိုက်ကြောင်း ကြားသိလိုက်ရသဖြင့် အများပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အဆိုပါလုပ်ငန်းတစ်ခု ပျက်ပြယ်သွားသဖြင့် ကောင်းမွန်သည်ဟု ဆိုနိုင်သည်။

ဧည့်စာရင်းတိုင်ကြားခြင်းဥပဒေပြင်ဆင်ချက်ကို အတည်ပြုရာတွင် အခြားဒေသရပ်ကွက်၊ ကျေးရွာများတွင် တစ်လထက်ပို၍ နေထိုင်မည်ဆိုပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားရမည့်အချက်ကိုမူ ပြန်လည်ထည့်သွင်းပြဋ္ဌာန်းထားပြီး ယင်းသို့မတိုင်ကြားလျှင်လည်း အရေးယူမည်မဟုတ်ကြောင်း သိရှိရသည်။ ထိုအရေးနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ရာတွင် လုံခြုံရေးရှုထောင့်အရ ကန့်ကွက်မှုများရှိခဲ့သော်လည်း ထောက်ခံသူအရေအတွက်များသဖြင့် ကန့်ကွက်မှုရှုံးနိမ့်သွားခဲ့သည်။

ဧည့်စာရင်းတိုင်ကြားခြင်းဟုဆိုရာ၌ မိမိတို့ရပ်ရွာအတွင်း နှစ်ရှည်ကြာမြင့်စွာ အတည်တကျနေထိုင်ခဲ့ကြသော ပြည်သူများအနေဖြင့် အတည်ပြုထုတ်ပေးထားသော နေထိုင်မှုသန်းခေါင်စာရင်းဖြင့် လွတ်လပ်စွာ နေထိုင်ကြသော်လည်း မိမိနေအိမ်သို့ ညအိပ်ဧည့်သည်အဖြစ် လာရောက်သောအခါ ရပ်ကွက်ရုံးတွင် ဧည့်စာရင်းတိုင်ကြားရသည့် အလေ့အထရှိခဲ့ပြီး မိမိရပ်ကွက်အတွင်းသို့ မျက်နှာစိမ်းဧည့်သည် မည်သူလာရောက်နေသည်ကိုလည်း အလွယ်တကူသိနိုင်ကြသည်။

မျက်မှောက်ကာလတွင် ရပ်ရွာများတွင် လာရောက်နေထိုင်ကြသူများ အထူးသဖြင့် မြို့ပြရပ်ကွက်များတွင် ရွှေ့ပြောင်းနေထိုင်ကြသူများ များပြားလာသောအခါ မိမိတို့ရပ်ကွက်အတွင်း မည်သည့်အရပ်မှ မည်သူလာရောက်နေထိုင်နေသည်ကို မသိနိုင်သည့် အခြေအနေရှိလာသည်။ လာရောက်သူများမှာ ကောင်းရောင်း ကောင်းဝယ်၊ အလည်အပတ်၊ အလုပ်အကိုင်၊ ပညာသင်သူများအဖို့ မဆိုသာသော်လည်း ထိုလာရောက်သူများတွင် မကောင်းမှုဒုစရိုက်မှုကျူးလွန်သူများပါရှိလာပါက ရပ်ရွာလုံခြုံရေးကို ထိခိုက်နိုင်သည်။

မည်သို့ပင်ရှိစေ မိမိရပ်ရွာကို မိမိတို့ကာကွယ်စောင့်ရှောက်ရန်မှာ မိမိတို့တွင်လည်း တာဝန်ရှိပေသည်။ ရပ်ရွာများအတွင်း ဝင်ရောက်လာသူများအား သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ယူထားသူများအနေဖြင့် တာဝန်ရှိကြမည်ဖြစ်သလို သက်ဆိုင်ရာရပ်ရွာများတွင် ပြည်သူက ရွေးချယ်ခန့်ထားသော ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတွင်လည်း တာဝန်ရှိမည်ဖြစ်သည်။ ရပ်မိရပ်ဖများအနေဖြင့် မိမိတို့ရပ်ရွာလုံခြုံရေးအတွက် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ဤသို့မှမဟုတ်မူဘဲ ရပ်ရွာအတွင်း ရောက်ရှိလာသူမှန်သမျှတို့အား ကောင်းကောင်းဆိုးဆိုး ဧည့်စာရင်းတိုင်ကြားရုံဖြင့် လုံခြုံရေးအတွက် အဓိကကျသည့် ဆောင်ရွက်ချက်မဖြစ်နိုင်ဘဲ ကောင်းမွန်စွာလာရောက်နေထိုင်ကြသူများအတွက် ဝန်ထုပ်ဝန်ပိုးအခက်အခဲဖြစ်စေနိုင်သည်။ အခြားနိုင်ငံများတွင် ဧည့်သည်များ ဧည့်စာရင်းတိုင်ကြားသည့် အလေ့မရှိဘဲ ဝင်ရောက်လာသူများအား ခွဲခြားစိစစ်၍ လုံခြုံရေးအရလိုအပ်မှသာ ရဲလုပ်ငန်းဥပဒေနှင့်အညီ ဆောင်ရွက်လေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် ဖြူတစ်ကျပ်၊ မဲတစ်ကျပ် ရောနှောကျင့်သုံးသည့် အလေ့ရှိသဖြင့် လူကောင်း သူကောင်းများအတွက် ဝန်ထုပ်ဝန်ပိုး အနှောင့်အယှက်ဖြစ်ကြရပြီး လုပ်ငန်းအတွက်လည်း အကျိုးမများသည့် အခြေအနေများရှိခဲ့သည်။ ထို့ကြောင့် ယခု ဧည့်စာရင်းတိုင်ကြားရခြင်းစနစ်ကို ဖျက်သိမ်းလိုက်ခြင်းမှာ အများပြည်သူအတွက် လျော်ကန်သင့်မြတ်ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပြီး တာဝန်ရှိသူ တာဝန်ယူခြင်းသည်သာ ကောင်းမွန်သည်ဟု ရှုမြင်ပါသည်။ ။

# တိုက်ပွဲရှောင်ပြည်သူများအား ပြန်လည်ထူထောင်ရာတွင် မူလထက် ပိုမိုကောင်းမွန်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက မြိုင်ကြီးငူအထူးဒေသ ဘုန်းတော်ကြီးကျောင်းရှိ မဲသဝေါဒေသ တိုက်ပွဲရှောင်ပြည်သူများထံသို့ ရောက်ရှိပြီး တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် မကြာမီကာလတွင် မိမိတို့၏နေရပ်သို့ ပြန်လည်ရောက်ရှိကြတော့မည်ဟုသိရကြောင်း၊ ယခုပြည်သူများတွင် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများလည်း ပါဝင်ကြပြီး မိမိတို့နေရပ် ပြန်လည်ရောက်ရှိပါက စိတ်ဓာတ်ပိုမိုမြင့်မားစေရေးနှင့် သက်မွေးမှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားစေရေးအတွက် စိတ်ဓာတ်ခွန်အား မြှင့်တင်ရေးအစီအစဉ်များ၊ စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးတွင် မိမိတို့၏ မူလအခြေအနေများထက် ပိုမိုကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကလေးကစားစရာအရုပ်များ၊ စားစရာမုန့်များ၊ ဖတ်ရှုရန် မေ့ရင်သွေးဂျာနယ်စာအုပ်များ၊ အဝတ်အထည်များနှင့် အပ်ချုပ်စက် ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ကျောက်စာစခန်း ဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် ကလေးငယ်များ စာပေသင်ကြားမှု အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။**(အပေါ်ပုံ) (သတင်းစဉ်)**



# မြစ်သားမြို့ လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**မြစ်သား စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ အမှတ်(၆၄) စက်မှုလယ်ယာစခန်းက ကျေးလက်နေတောင်သူများအား လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျနားလည်ပြုပြင်နိုင်ပြီး အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ ပြုပြင်/ထိန်းသိမ်း/မောင်းနှင်မှု(အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်-မန္တလေး လမ်းမကြီးဘေး စိုက်ပျိုးရေးပညာပေးစခန်း ခန္တီးလေးကျေးရွာ၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးလှိုင်တိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းသည်။



ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ယင်းသင်တန်းတွင် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ သင်တန်းသား ၃၀ ကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**




# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**တောင်ငူ စက်တင်ဘာ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တောင်ငူမြို့နယ် ကေတုမတီမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြီးမှူး၍ တောင်ငူမြို့နယ် ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ယနေ့ နံနက်ပိုင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးစည်သူက လျှပ်စစ်နှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်များ၊ အသုံးပြုပုံနည်းစနစ်များအား လက်ကမ်းစာစောင်ဖြင့် ဖြန့်ဝေခြင်း၊ ဖြစ်ပွားခဲ့ဖူးသော လျှပ်စစ်အန္တရာယ်မှတ်တမ်းများအား ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ကိုလွင်(ဆွာ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁



# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုကို နိုင်ငံတကာ အသိုင်းအဝိုင်း အဖွဲ့အစည်းများက ဝိုင်းဝန်းထောက်ပံ့ အားပေးကူညီနေကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးတွင် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခမ်းအနားတွင် ဒေါက်တာတင်မျိုးဝင်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ UNHCR ဌာနေကိုယ်စားလှယ် မစ္စတာဂီယူဆက်ပ်ဒီဗင်စင်တစ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့)ကိုယ်စား ချင်းအမျိုးသားတပ်ဦး၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ရှိနိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ “ရည်မှန်းချက်က ၃ နှစ်ကနေ ၅ နှစ်အထိ ရည်မှန်းထားတယ်။ကော်မတီနှစ်ခုဖွဲ့ထားတယ်။ဆပ်ကော်မတီ (၁)က လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကို ပြန်လည်သုံးသပ်တယ်။ မထိုးရသေးတဲ့ အဖွဲ့တွေကိုလည်းထိတွေ့ပြီး အမြည့်နိုင်းဆွေးနွေးနေတယ်။ အားလုံးရဲ့ သဘောထားက ငြိမ်းချမ်းရေးပဲ”ဟု ပြောသည်။

ဆက်လက်၍ “စစ်ဘေးရှောင်ပြည်သူတွေ ဘယ်လောက်ဒုက္ခရောက်နေသလဲ။ လူသားချင်းစာနာတဲ့စိတ် ကိုယ်ချင်းစာနာစိတ်နဲ့ကြည့်ရင် ငြိမ်းချမ်းရေးအတွက် အင်မတန် မြန်မြန်ဆန်ဆန် လုပ်ရမယ်။ ကျွန်တော့်ယုံကြည်ချက်က ဘာလဲဆိုရင် ကိုယ့်ဘက်က သဘောထား ဖြောင့်မှန်ရင် တစ်ဖက်နဲ့ တစ်ဖက်ယုံကြည်မှု ပိုရမယ်။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု တည်ဆောက်နိုင်မယ်။ အားလုံးဝိုင်းပြီး တတ်နိုင်သလောက် ငြိမ်းချမ်းရေးကို စောစောရအောင် လုပ်ရမယ်။ တစ်ရက်စောစောရရင် ပြည်သူလူထု တစ်ရက်စောပြီး စိတ်ချမ်းသာမယ်”ဟု ဆိုသည်။

နေပြည်တော်တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်နေ့အထိ ၄ ရက်တိုင် ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်လာသည့် အဖွဲ့အစည်း အသီးသီးအား လွတ်လပ်စွာဆွေးနွေးပြောဆိုခွင့်ပေးခဲ့ပြီး မီဒီယာများမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကြားကာလများတွင်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နေပြီး သဘောတူရရှိလာသည့် အဖြေများကို ဒုတိယအကြိမ် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်မှ သိရသည်။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ - ရဲထွန်း**

☆ **ရှေ့ဖုံးမှ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အထွေထွေညီလာခံသို့ တက်ရောက်လာကြသော ကမ္ဘာ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေပိုင်းတွင် ဥရောပသမဂ္ဂ ဥက္ကဋ္ဌ မစ္စတာ ဒေါ်နယ်တက်စ်နှင့် တာဝန်ရှိသူများက တည်ခင်းဧည့်ခံသည့် ညနေခင်း ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီးဦးအောင်လင်း ၎င်း၏ခန့်အပ်လွှာကို သမ္မတအိုဘားမားထံပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက် အိုဘားမားထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနား မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှကြီးမှူး၍ ရန်ကုန်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂) ကမာရွတ်မြို့ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အမျိုးသား ကင်းထောက်ကြီးများ၊ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် အမျိုးသမီး ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာနနှင့် အထက (၂) ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ကင်းထောက် မောင်မယ်များ တက်ရောက်ကြသည်။



အခမ်းအနားသို့ ကင်းထောက်မောင်မယ်များက “ပြည်သူအတွက် အစဉ်အသင့်” ကင်းထောက်သီချင်းဖြင့် ဖွင့်လှစ်ပေးပြီး အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace)အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အမျိုးသား ကင်းထောက်အဖွဲ့နှင့် ကင်းထောက် အမျိုးသမီးအဖွဲ့တို့ ကျင်းပရခြင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့များကလည်း ရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိစေလိုကြောင်း၊ ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်များ တိကျစွာလိုက်နာခြင်းဖြင့် မိမိအသိုင်းအဝိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ကိုပါ အကျိုးပြုနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်က ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် ကင်းထောက်လုပ်ငန်းများ ဆက်စပ်ဆောင်ရွက်လျက်ရှိမှုများအား ပြောကြားကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းပေးပို့သည့် သဝဏ်လွှာ ဗီဒီယိုကိုပြသသည်။

**ကိုလတ်(သတင်းစဉ်)**

## လေှလော်ပြိုင်ပွဲများ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၁**

၂၀၁၆ တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အလွတ်တန်းလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မန္တလေးမြို့ အနောက်ဘက်ကျုံးအတွင်း ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မူလက စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အင်းလျားကန်၌ ကျင်းပရန်စီစဉ်ထားသော်လည်း ကျင်းပမည့်နေရာနှင့် ရက်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်ရန် ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအသင်းများကို ဖိတ်ကြားထားပြီး ပြိုင်ပွဲဝင်အသင်းများအား ဝတ်စုံများ ထောက်ပံ့မည်ဖြစ်ကာ ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## ရေပေးဝေမှုခေတ္တပြတ်တောက်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လှော်ကားရေလှောင်ကန်ရှိ ရေတွန်းစက်ရုံ၏ ၃၃/၆. ၆ KV,4MVAဓာတ်အားခွဲရုံတွင် ၆ ဒသမ ၆ KV, Feeder Panel များ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်မည့် စက်တင်ဘာ ၂၄ ရက် နံနက် ၆ နာရီမှ ည ၁၀ နာရီအတွင်း မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ တောင်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ကျောက်တံတား၊ ပုဇွန် တောင်နှင့် ဗိုလ်တထောင်မြို့နယ်များတွင် ရေအားလျော့နည်းမှုနှင့်ရေပြတ် တောက်မှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင် စုဆောင်းသုံးစွဲကြရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှုက) အသိပေးကြေညာထားသည်။

**(ကြေးမုံ)**

## ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ Rocker အချိုရည်လုပ်ငန်း၊ အိုစတိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းမြို့ ဖိတ်ခေါ် Mountain Bike စက်ဘီးစီးပြိုင်ပွဲကို ကျင်းပရာ နံနက် ၆ နာရီခွဲ၌ ရွှေမင်းဝံပန်းခြံရှေ့တွင် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ဆွမ်းဦးပုညရှင်ဘုရားရှေ့ထိ (၁၇) ကီလိုမီတာအကွာအဝေးကို အင်အား ၂၀၀ ကျော်ခန့် ပါဝင်ယှဉ်ပြိုင်စီးနင်းခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ၏ ဗလက္ကာရပြုမှုများအတွက် ဘန်ကီမွန်း ဝမ်းနည်းဟုဆို

**ကုလသမဂ္ဂ စက်တင်ဘာ ၂၁**
ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့သော ဗလက္ကာရပြုသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ မိမိ ဝမ်းနည်းမိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၇၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ဘန်ကီမွန်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဘန်ကီမွန်းသည် ကုလသမဂ္ဂ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေဆဲကာလအတွင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် နောက်ဆုံးအကြိမ် မိန့်ခွန်းပြောကြားခြင်းလည်း ဖြစ်သည်။ ဘန်သည် ငါးနှစ်သက်တမ်းရှိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုနှစ်နှစ်ကုန်တွင် ရာထူးသက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ဖြစ်ပွားခဲ့သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ၏ ဗလက္ကာရပြုသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဘန်ကီမွန်းက ဝမ်းနည်းစကားဆိုခဲ့ပြီး အလားတူဖြစ်ရပ်များ ထပ်မံမပေါ်ပေါက်စေရေးအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် အာဖရိကသမဂ္ဂတပ်ဖွဲ့ထံမှ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အခွင့်အာဏာကို ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့က လွှဲပြောင်းရယူခဲ့သည်။

ကုလသမဂ္ဂသည် ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အထူးလုပ်ငန်း (၁၆)ခုကို အကောင်အထည်ဖော်နေပြီး စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင် ၁၀၆၀၀၀ တို့ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ရိုက်တာ။**

# ဂါဇာကမ်းမြောင်တွင် ဟားမားစ်အဖွဲ့၏ မောင်းသူမဲ့လေယာဉ်အား အစ္စရေးစစ်လေယာဉ်ပစ်ချ

**ဂျေရုဆလင် စက်တင်ဘာ ၂၁**
ဂါဇာကမ်းမြောင် ကမ်းရိုးတန်းတစ်လျှောက်တွင် ကင်းထောက်လုပ်ငန်း ပျံသန်းနေသည့် ဟားမားစ် လက်နက်ကိုင်အဖွဲ့ပိုင် မောင်းသူမဲ့လေယာဉ် တစ်စင်းကို အစ္စရေးလေတပ်ဂျက်တိုက်လေယာဉ်တစ်စင်းက ပစ်ချခဲ့ကြောင်း အစ္စရေးစစ်ဘက်က ယနေ့ပြောကြားသည်။

အဆိုပါ ဟားမားစ်အဖွဲ့၏ မောင်းသူမဲ့လေယာဉ်ပျံသန်းထွက်ခွာလာကတည်းက အပြည့်အဝ ထောက်လှမ်းကြည့်ရှုခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များ၏ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသော်လည်း အဆိုပါ မောင်းသူမဲ့လေယာဉ်မှာ အစ္စရေး၏ လေကြောင်းပိုင်နက်မျဉ်းအား ဖြတ်ကျော်ပျံသန်းခြင်း (သို့မဟုတ်) အစ္စရေးလေကြောင်းပိုင်နက်အတွင်းသို့ ပျံသန်းခြင်းရှိ၊ မရှိ ဖော်ပြခြင်းမရှိပေ။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် ၎င်း၏လေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း၊ လေကြောင်းပိုင်နက်အတွင်းကျူးကျော်ဝင်ရောက်ရန် ရည်ရွယ်သည့် မည်သည့်ကြိုးပမ်းမှုမျိုးကိုမဆို အရေးယူတုံ့ပြန်သွားရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း ယင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဂါဇာကမ်းမြောင်ဒေသအား ၂၀၀၇ ခုနှစ်က အစ္စလာမ့်စ်လှုပ်ရှားမှုအဖွဲ့က လွှဲပြောင်းရယူခဲ့ချိန်နောက်ပိုင်း အုပ်ချုပ်ရေးအာဏာရယူထားသည့် ဟားမားစ်အဖွဲ့မှ စစ်ဘက်တပ်ဖွဲ့ဖြစ်သည့် အိုင်စီဒင့် အယ်လ်ကွပ်စ်ဆန်တပ်ဖွဲ့က တုံ့ပြန်ပြောကြားခြင်းမရှိပေ။

အစ္စရေးလေတပ်စစ်လေယာဉ်က ဟားမားစ်တို့ပိုင်ဆိုင်သော မောင်းသူမဲ့လေယာဉ်အား ပစ်ချခဲ့ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းက အစ္စရေးနှင့်ဟားမားစ်အဖွဲ့တို့၏အကြားစစ်ရေးအရ ကြီးမားသောတိုက်ခိုက်မှုများ ရက် ၅၀ ကြာဖြစ်ပွားခဲ့စဉ်က ဟားမားစ်တို့တည်ဆောက်သော မောင်းသူမဲ့လေယာဉ်များသည် အစ္စရေးနိုင်ငံရှိ မြို့များပေါ်၌ ပျံသန်းခဲ့ကြောင်း အဆိုပါအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ။**

# ပင်လယ်ကွေ့ဒေသအရေး အမေရိကန်နှင့်တင်းမာမှုများရှိစဉ် အီရန်က လက်နက်သစ်များထုတ်ဖော်၍ စစ်ရေးပြသ

**တီဟီရန် စက်တင်ဘာ ၂၁**
၁၉၈၀ ပြည့်နှစ်တွင် အီရတ်နိုင်ငံက ကျူးကျော်စစ်ဆင်နွှဲတိုက်ခိုက်ခဲ့မှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အီရန်နိုင်ငံ၌ စစ်ရေးပြအခမ်းအနားကို ကျင်းပရာတွင် စစ်သင်္ဘောသစ်များနှင့် ဒုံးလက်နက်သစ်များကို ပြသခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပင်လယ်ကွေ့ဒေသတွင် ကြားဝင်စွက်ဖက်မှုမပြုရန် အီရန်တပ်မှူးကြီးတစ်ဦးက သတိပေးပြောကြားခဲ့ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါစစ်ရေးပြအခမ်းအနားကိုမြို့တော်တီဟီရန်၌စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။ တာဝေးပစ်ဒုံးယာဉ်သစ်များ၊ တင့်ကားများ နှင့် ရုရှားနိုင်ငံလုပ် အက်စ်-၃၀၀ အမျိုးအစား မြေပြင်မှဝေဟင်ပစ်ဒုံးလက်နက်စနစ်များ၏ချိတက်လှုပ်ရှားမှုများကို နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသည်။

ယင်းစစ်ရေးပြသပွဲတွင် ပင်လယ်ကွေ့ဒေသ ဘန်ဒါအဘတ်စ်မြို့ရှိ ရေတပ်အခြေစိုက်စခန်း၌ စစ်ရေယာဉ်အစင်း ၅၀၀၊ ရဟတ်ယာဉ်များနှင့် ရေငုပ်သင်္ဘောများကို ပြသထားသည်။ ယင်းသို့ ရေတပ်အင်အားခင်းကျင်းပြသမှုမှာ မဟာဗျူဟာကျသော ပင်လယ်ကွေ့ရေကြောင်းလမ်းနှင့်ပတ်သက်၍ အမေရိကန်နှင့်ဖြစ်ပွားနေသည့် တင်းမာမှုများ မြင့်တက်နေချိန်တွင်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ယခုနှစ်အတွင်း အမေရိကန်နှင့်အီရန်ရေတပ် ရေယာဉ်များ ပင်လယ်ကွေ့ဒေသ၌ ထိပ်တိုက်ရင်ဆိုင်ရလုနီးပါးဖြစ်ပွားသည့်အကြိမ်ပေါင်း ၃၀ ကျော်ထက်မနည်းဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ပွားခဲ့မှုအရေအတွက်သည် ၂၀၁၅ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ထိပ်တိုက်ရင်ဆိုင်လုနီးပါး ဖြစ်ရပ်များထက် နှစ်ဆမက ပိုမိုကြောင်း အမေရိကန်ရေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# မြောက်ကိုရီးယား နျူစမ်းသပ်မှုကြောင့် တောင်ကိုရီးယားသို့ B-1B ဗုံးကြဲလေယာဉ်နှစ်စင်း အမေရိကန်စေလွှတ်

**ဆိုးလ် စက်တင်ဘာ ၂၁**
မကြာသေးမီက ပြုလုပ်ခဲ့သည့် နျူကလီးယားစမ်းသပ်မှုနှင့်ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံအား ကန့်ကွက်ကြောင်း ပြသသည့်အနေဖြင့် အမေရိကန်တပ်မတော်က တောင်ကိုရီးယားနိုင်ငံသို့ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်နှစ်စင်း စေလွှတ်လိုက်သည်။

ဒေသန္တရမီဒီယာများ၏ အဆိုအရ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က ဆိုးလ်မြို့တော်တောင်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာမှ ပြောင်တိတ်ခ်မြို့ရှိ အိုဆန်လေတပ်အခြေစိုက်စခန်းအပေါ် B-1B လေယာဉ်နှစ်စင်း အနိမ့်ပျံသွားခဲ့သည်။ အဆိုပါ အသံထက်မြန်သော ဗုံးကြဲလေယာဉ်များမှာ ဂူအမ်ကျွန်းရှိအမေရိကန်လေတပ်အခြေစိုက်စခန်းမှ ပျံသန်းလာခြင်းဖြစ်သည်။ ပျံသန်းမှုပြုလုပ်ပြီးနောက် ဗုံးကြဲလေယာဉ်နှစ်စင်းအနက် တစ်စင်းက ဂူအမ်ကျွန်းသို့ပြန်သွားခဲ့ပြီး အခြားတစ်စင်းက အိုဆန်လေတပ်အခြေစိုက်စခန်း၌ ဆင်းသက်ခဲ့သည်။ အမေရိကန်ဗုံးကြဲလေယာဉ်မှာ တောင်ကိုရီးယားနိုင်ငံ၌ ရက်မည်မျှကြာကြာနေမည်ဆိုသည်ကို မသိရပေ။



စက်တင်ဘာ ၁၃ ရက်တွင်လည်း အမေရိကန်တပ်မတော်က တောင်ကိုရီးယားနိုင်ငံသို့ B-1B လေယာဉ်နှစ်စင်း စေလွှတ်ခဲ့သော်လည်း အဆိုပါလေယာဉ်နှစ်စင်းမှာ အိုဆန်လေတပ်အခြေစိုက်စခန်းအပေါ် ၁၀ မိနစ်ခန့် အနိမ့်ပျံသန်းပြီးနောက် ဂူအမ်ကျွန်းသို့ နောက်ကြောင်းပြန်လှည့်သွားခဲ့သည်။ နျူထိပ်ဖူးတပ်ဒုံးကျည်များ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၉ ရက်တွင် မြောက်ကိုရီးယားနိုင်ငံက ပြောကြားပြီးနောက် လက်နက်ကိုင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဇန်နဝါရီလအတွင်း စတုတ္ထအကြိမ်နျူစမ်းသပ်မှုပြုလုပ်ပြီး ရှစ်လအကြာတွင် ပဉ္စမအကြိမ်မြောက်နျူစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခင်စံချိန်တင်ထားသော ခြောက်ကီလိုတန်ထက် ပိုမိုပြင်းထန်သော ၁၀ ကီလိုတန်ရှိ ဖောက်ခွဲမှုတစ်ရပ် လုပ်ဆောင်ခဲ့သောကြောင့် ပဉ္စမအကြိမ်မြောက် နျူစမ်းသပ်မှုကို မြောက်ကိုရီးယားနိုင်ငံ၏ အင်အားအပြင်းဆုံးနျူဖောက်ခွဲမှုအဖြစ် ရှုမြင်ထားသည်။ မိုးလေဝသဂြိုဟ်တုစေလွှတ်ရန် မြေပြင်ရှိ ဒုံးပျံပစ်စင်တစ်ခုပေါ်မှ အင်ဂျင်ဂျက်လေယာဉ်တစ်စင်း စမ်းသပ်ခဲ့ကြောင်း ပြုံယမ်းက ပြောကြားခဲ့ပြီး ယင်းကို တောင်ကိုရီးယားတပ်မတော်က တာဝေးပစ်ဒုံးကျည်တစ်စင်းအဖြစ် ယူဆထားသည်။ အာဏာရ အလုပ်သမားပါတီတည်ထောင်မှု (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရန် အောက်တိုဘာ ၁၀ ရက်ဝန်းကျင်၌ မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးပျံသစ်တစ်စင်း ပစ်လွှတ်မည်ဟု မျှော်မှန်းရသည်။

**ဆင်ဟွာ**



# တူရကီနိုင်ငံရှိ အစ္စရေးသံရုံးပြင်ပ ဓားကိုင်ရမ်းကားသူကို ပစ်ခတ်ဖမ်းဆီး

**အန်ကာရာ စက်တင်ဘာ ၂၁**
တူရကီနိုင်ငံ အန်ကာရာမြို့ရှိ အစ္စရေးသံရုံးအပြင်ဘက်တွင် ဓားကိုင်ဆောင်ကာ အော်ဟစ်ရမ်းကားနေသူ အမျိုးသားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရာ ၎င်းမှာ ဒဏ်ရာရရှိသွားကြောင်း အန်ကာရာမြို့တော်ဝန်ရုံးက ပြောကြားသည်။

အစ္စရေးသံရုံးအပြင်ဘက်တွင် ဓားကိုင်ဆောင်၍ ရမ်းကားခဲ့သူမှာ အသက် (၄၁) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး နိုင်ငံအလယ်ပိုင်း ကွန်ယာမြို့မှ ဖြစ်ကြောင်း၊ ၎င်းသည် သံရုံးအနီးအပါးသို့ ချဉ်းကပ်လာခဲ့ကာ အသွား ၁၂ လက်မရှိ ဓားတစ်ချောင်းကို ဝှေ့ယမ်းပြီး ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြောင်း၊ ကနဦး စုံစမ်းစစ်ဆေးချက်အရ ၎င်းသည် ဂိုဏ်းဂဏတစ်ခုနှင့်ဆက်နွယ်ပတ်သက်မှုမရှိကြောင်း မြို့တော်ဝန်ရုံးကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# တောင်သူလယ်သမားနေ့ရက်ကို ပြင်ဆင်လိုပါက ယင်းနေ့ကို ကိုယ်စားပြုသည့် တောင်သူလယ်သမားများ၏ ဆန္ဒနှင့်အညီဖြစ်ရန်လို

**နေပြည်တော် စက်တင်ဘာ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်း(၈)ခု မေးမြန်းဖြေကြားကြပြီး အဆိုတစ်ခု တင်သွင်းခဲ့သည်။

အစည်းအဝေးတွင်မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **စိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူဦးကြီးများ၏ လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် စက်ယန္တရားများအပါအဝင် အခြားသွင်းအားစုများကို ပိုမိုပံ့ပိုး၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကူအညီများဖြင့် မြစ်ချောင်းများကို စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို စနစ်တကျထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **မတ်လ(၂)ရက်နေ့အား တောင်သူလယ်သမားနေ့ဟု သတ်မှတ်ထားခြင်းအစား ဆရာစံတောင်သူလယ်သမားအရေးတော်ပုံ၏ အထင်ကရရက်နေ့ တစ်နေ့အား ရွေးချယ်၍ တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်ရရှိ သုံးစွဲနိုင်ရေးအတွက် မိဘမျိုးစေ့များ မွေးမြူထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးစေ့ပွားများထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက ထုတ်လုပ်လျက်ရှိကြောင်း၊ ထို့အတူ စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အကျိုးဆောင်တောင်သူများပူးပေါင်း၍လည်း နှစ်စဉ်မျိုးပွားစိုက်ပျိုးလျက်ရှိပါကြောင်း၊ မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ကိုလည်း ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီမှ စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများကို အချိုးညီ အချိန်ကိုက်သုံးစွဲတတ်စေရန် နည်းပညာသင်တန်းပေးခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စံပြစိုက်ကွက်များ စိုက်ပျိုးပြသခြင်း၊ သုတေသနစမ်းသပ်ကွက်များဆောင်ရွက်ခြင်းကို သီးနှံအလိုက်၊ ရာသီအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းထားသည့် မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်စေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းများကို



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း

စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ နမူနာများရယူ၍ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာသုံးစက်ကိရိယာများကို တောင်သူများပိုမိုသုံးစွဲစေနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနအပြင် ပုဂ္ဂလိက၊ သမဝါယမအသင်းများမှ လယ်ယာသုံးစက်ကိရိယာဝန်ဆောင်မှုလုပ်ငန်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ပေါ်ပေါက်လာစေရေးကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများ၏ လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများကို သီးနှံအလိုက်၊ ရာသီအလိုက် ဖြည့်ဆည်းပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေ ကျခံသုံးစွဲနိုင်မှု အခြေအနေပေါ်မူတည်၍ ဦးစားပေးအဆင့်များသတ်မှတ်ကာ တိမ်ကောနေသည့် မြစ်၊ ချောင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာတမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် အခြားမလိုလားအပ်သည့် ထိခိုက်မှုအကျိုးဆက်များ မဖြစ်ပေါ်စေရေးတို့အတွက် စူးစမ်းလေ့လာတိုင်းတာချိန်ဆဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များရယူ၍ စူးစမ်းလေ့လာမှုလုပ်ငန်းများ စေ့စပ်သေချာစွာဆောင်ရွက်ပြီး ရေတို ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပိုင်းခြားစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြစ်ချောင်းများ စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို စနစ်တကျထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျခံဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များရရှိနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် တောင်သူလယ်သမားနေ့ရက်ကို ပြင်ဆင်လိုပါက ယင်းနေ့ကို အမှန်တကယ် ကိုယ်စားပြုသည့် တောင်သူလယ်သမားများ၏ ဆန္ဒနှင့်အညီဖြစ်ရန်လိုအပ်ခြင်း၊ ပြောင်းလဲသတ်မှတ်မည့်နေ့ရက်သည် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များနှင့် ထိခိုက်မှုမဖြစ်စေခြင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားနေ့ ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်မည့် အစီအစဉ်မရှိသေးပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်မှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ရာတွင် မီးလင်းရေးကော်မတီက မီတာတပ်ဆင်ရန်ထောက်ခံပေးပြီး ဝန်ကြီးဌာနမှ မီတာတပ်ဆင်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တမူးမြို့သို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်းမှတစ်ဆင့် ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ထပ်မံတည်ဆောက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **"ချင်းပြည်နယ် မင်းတပ်မြို့မှတစ်ဆင့် မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး

ဒေါက်တာထွန်းနိုင်က ချင်းပြည်နယ် မင်းတပ်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ပေါက်-မင်းတပ် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် Turnkey စနစ်ဖြင့် တင်ဒါခေါ်ဆိုပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း။

လက်ရှိကာလတွင် ၆၆ ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းမှ တစ်ဆင့် ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Turnkey စနစ်ဖြင့် Aung Myint Mo ကုမ္ပဏီလီမိတက်သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဇွာမြို့သို့ မဟာဓာတ်အားလိုင်းမှ ၆၆ ကေဗွီစနစ်ဖြင့် ဓာတ်အားလိုင်းတည်ဆောက်ပေးရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရမည့်ပမာဏနှင့် ဒေသ၏ ဓာတ်အားသုံးစွဲမှုနှုန်းကို လေ့လာသုံးသပ်ကာ သင့်လျော်သောအချိန်တွင် ဘတ်ဂျက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် လိုင်လင်းပီမြို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် အဆိုပါမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရုံးတိုးချဲ့ဖွင့်လှစ်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လိုင်လင်းပီမြို့ရှိ အိမ်ခြေ ၅၂၃ အိမ်ကို ပိုမိုဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် ၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် မီးပေးချိန် နှစ်နာရီနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၇၅ မိုင်အသစ် တည်ဆောက်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **"မြန်မာနိုင်ငံအတွင်း မီးလင်းရေးကော်မတီများဖြင့် လျှပ်စစ်မီးလင်းနေသော ကျေးရွာများတွင် အိမ်တိုင်းစေ့ မီးလင်းခွင့်ရရှိရန် အစိုးရမှ ကူညီဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ၊ ကော်မတီသုံး ငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများဖြစ်ပေါ်ပါက အစိုးရမှတာဝန်ယူ ကူညီဖြေရှင်းပေး**



မဲဆန္ဒနယ်အမှတ် (၁၀)မှ
ဦးလားလ်မင်းထန်

**ရန် အစီအစဉ် ရှိ၊ မရှိနှင့် လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်မှ တာဝန်ယူလက်ခံပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မီးလင်းရေးကော်မတီများက ၎င်းတို့၏ ကျေးရွာများ ဓာတ်အားရရှိစေရန်အတွက် လိုအပ်သော ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်တပ်ဆင်နိုင်ရန် ကျေးရွာအတွင်း ငွေကြေးစုဆောင်းပြီး ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ ကျေးရွာရှိ ပြည်သူလူထုထံမှ ငွေကြေးစုဆောင်း၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မီးလင်းရေးကော်မတီက ငွေကြေးထည့်ဝင်သူများကို မီတာတပ်ဆင်ရန်အတွက် ထောက်ခံပေးလျက်ရှိပြီး ဝန်ကြီးဌာနမှ ထောက်ခံချက်ရရှိသူများကိုသာ မီတာတပ်ဆင်ပေးလျက်ရှိပါကြောင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျေးရွာအတွင်း မီးလင်းရေးကော်မတီဖွဲ့၍ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အား ရယူနိုင်ရန် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းခိုင်မာမှုမရှိခြင်း၊ ငွေကြေးကိစ္စများရှုပ်ထွေးခြင်း၊ တည်ဆောက်မှုစနစ်အားနည်းခြင်းများကို တွေ့ရှိရသည့်အတွက် ဝန်ကြီးဌာနမှ ကျေးရွာမီးလင်းရေးကော်မတီများ လိုက်နာရမည့် အချက် ၁၂ ချက်ကို သတ်မှတ်ပေးခဲ့ပါကြောင်း။

ထို့ကြောင့် ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အား ရယူနိုင်ရန် ဆောင်ရွက်သော ကျေးရွာများ၌ ကော်မတီသုံးငွေစာရင်းနှင့် ပတ်သက်၍ မပြေလည်မှုများဖြစ်ပေါ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဥပဒေရေးရာအရ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ဌာနမှဝန်ထမ်းများ ပါဝင်ပတ်သက်မှုများရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မီးလင်းရေးကော်မတီက လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်သို့ အပ်နှံလိုခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် လတ်တလော အခြေအနေများအရ လက်ခံဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **"ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**အား လွှတ်တော်သို့အသိပေးတင်ပြပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော **"အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သည့် ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်းအတည်ပြုခဲ့သည်။

**"၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက စာစစ်အဖွဲ့ဥပဒေကို ခြုံငုံလေ့လာကြည့်သည့်အခါ မသမာသောနည်းလမ်းနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အရေးယူမှုများကို အလေးထားပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ စာမေးပွဲဆိုသည်မှာ သင်တန်းသားများ တတ်မြောက်မှု ရှိ၊ မရှိ၊ သင်ကြားရေးရည်မှန်းချက်များ ပေါက်မြောက်မှု ရှိ၊ မရှိကို ဆန်းစစ်အကဲဖြတ် ဆုံးဖြတ်ခြင်းဖြစ်၍ သမာသမတ်ကျစွာ၊ ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မသမာမှုများကိုလျစ်လျူရှုခဲ့ပါက စာမေးပွဲစစ်ဆေးခြင်း၏ အဓိက

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖**

# တုပ်ကွေးရောဂါထူးများ

## တီမိုအေး(ကျန်းမာ)

တုပ်ကွေးရောဂါဆိုလျှင် မြန်မာလူမျိုးများအတွင်း လူတိုင်းသိရှိကြပါသည်။ ကိုယ်ပူခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေလက်များ မသယ်ချင်နုံးခွေနေခြင်း၊ အဆစ်အမျစ်များ ကိုက်ခဲနာကျင်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း စသည့် လက္ခဏာများသည် တုပ်ကွေးအဖျားရောဂါဖြစ်လျှင် ခံစားရမည့်လက္ခဏာများ ဖြစ်ပါသည်။ အချို့ အန်ခြင်း၊ ပျို့ခြင်း၊ မျက်စိနာခြင်း၊ အမြင်ဝေဝါးခြင်းနှင့် ကိုယ်ပူပြင်းထန်လာပြီး အရေပြားတွင် အနီစက်များဖြစ်ပေါ်လာခြင်းထိ ပြင်းထန်တတ်ပါသည်။ ကိုယ်ဝန်ဆောင်သည်များတွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရပါက မွေးဖွားသောကလေး၏ ဦးနှောက်သေးငယ်ပြီး ဉာဏ်ရည်ချို့တဲ့သောကလေးများ၊ ဦးခေါင်းသေးငယ်သော ကလေးများမွေးတတ်သဖြင့် အထူးသတိထားရမည့်ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က သတိပေးထားပါသည်။

ဩဂုတ်လ ၃ ရက်နေ့က ဗီယက်နမ်နိုင်ငံ ဟန်ွိုင်း ဒေသန္တရကျန်းမာရေးဌာနက ထုတ်ပြန်ကြေညာချက်တစ်ခုတွင် ဟန်ွိုင်းမြို့နှင့် ကီလိုမီတာ ၉၅၀ အကွာရှိ ပူယံစီရင်စုရှိ အသက် (၂၇) နှစ် အရွယ် ဒေါင်းဒင်းတင်န်ဆိုသူ အမျိုးသမီးတစ်ဦး ဇီကာ ဗိုင်းရပ်စ် တုပ်ကွေးရောဂါဖြစ်ကြောင်း သိရပါသည်။ ဇွန် ၂၇ ရက်တွင် ကိုယ်ပူအဖျားလက္ခဏာများရပြီး ၃၀ ရက်တွင် ပြင်းထန်လာကာ ကိုယ်ပူပြင်းလာသဖြင့် ဆေးရုံသို့ ရောက်လာကြောင်း၊ စစ်ဆေးချက်အရ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ မဟုတ်ဘဲ ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရသော လက္ခဏာဖြစ်သည်ကို တွေ့ရှိရကြောင်း ကြေညာပါသည်။ ယခုနှစ် ဧပြီလ စောစောပိုင်းကလည်း ခါဟိုစီရင်စုနှင့် ဟိုချီမင်းစီးတီးတို့တွင် ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ နှစ်ဦးတွေ့ရှိကြောင်း ဗီယက်နမ်သတင်းစာတွင် ရေးသားထားသည်ကို သတိပြုမိပါသည်။

တုပ်ကွေးရောဂါဟုဆိုလျှင် လူတိုင်းသိရှိ ရင်းနှီးနေသော်လည်း ဖြစ်ရိုးဖြစ်စဉ် တုပ်ကွေးရောဂါထက် သတိပြုအလေးထားရမည့် တုပ်ကွေးရောဂါဆန်းများအကြောင်းကို ပြည်သူအများ သတိပြုသိရှိစေလိုပါသည်။ တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးတစ်မျိုးမျိုးကြောင့် ဖြစ်ပေါ်ရရှိကြောင်းကိုတော့ သိကြမည်ဖြစ်ပါသည်။ ထိုတုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးအမျိုးပေါင်းများစွာအနက် အချို့ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်သော တုပ်ကွေးရောဂါသည် ပြင်းထန်ပြီး ဦးနှောက်နှင့် ဦးနှောက်အမြှေးရောင်ရောဂါ (Meningoencephalitis) အထိပင် ဖြစ်တတ်ကြောင်း သိရှိစေလိုပါသည်။ ယင်းဗိုင်းရပ်စ်ပိုးသည် (West Nile Virus) ဝက်စ်နိုင်းဗိုင်းရပ်စ် လက္ခဏာဖြစ်ပါသည်။ ဖလေဗီဗိုင်းရပ်စ် (Flaviviruses) အုပ်စုဝင် ဗိုင်းရပ်စ်ပိုးအမျိုးစုဝင်အတွင်းမှ ပိုးတစ်မျိုးဖြစ်သော ဇီကာဗိုင်းရပ်စ် (Zika Viruses)ရောဂါအကြောင်းကို ပြည်သူအများ သိရှိသတိပြုစေလိုသည့် ရည်ရွယ်ချက်ဖြစ်ပါသည်။ ဇီကာဗိုင်းရပ်စ်အုပ်စုတွင် ဝက်စ်နိုင်းလ် (West Nile)၊ ဘန်ဇီ (Banzi)၊ ကွန်ဂျီ (Kunji)၊ စပွန်ဝီနီ (Spondweni) နှင့် ဇီကာ (Zika) စသည့် ဗိုင်းရပ်စ်များပါဝင်သည်ဟု ဆေးပညာရှင်များက စစ်ဆေးဖော်ထုတ်ထားပါသည်။ ယင်းဗိုင်းရပ်စ်ပိုးအမျိုးများကြောင့်ဖြစ်သော ရောဂါလက္ခဏာများအတိုင်းဆင်တူကြပါသည်။ ဖြစ်ပေါ်တွေ့ရှိသော နေရာဒေသများကို အစွဲပြု၍ အမည်သတ်မှတ်ဖော်ပြခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဥပမာ ဝက်စ်နိုင်းဗိုင်းရပ်စ်သည် အာဖရိကမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခဲ့ပြီး မြောက်အမေရိက၊ ဥရောပ၊ အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ ချက်ရီပတ်ဗလစ်၊ အီဂျစ်၊ ပြင်သစ်၊ အစ္စရေး၊ ရိုမေးနီးယား စသည်တို့အထိ ကူးစက်ပျံ့နှံ့ပြီး ငှက်များ၊ အမေရိကန်နွားများမှတစ်ဆင့် အေးဒီးစ်ခြင်က သယ်ဆောင်ပြီး လူကို ကူးစက်ဖြန့်ဖြူးပေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

ခြင်ကိုက်ရာမှတစ်ဆင့် ဗိုင်းရပ်စ်ပိုးများ ကူးစက်ပျံ့နှံ့သော ဗိုင်းရပ်စ်ရောဂါများသည် ပြင်းထန်တတ်ပါသည်။ သို့သော် မည်သည့်ခြင်အမျိုးစုက သယ်ဆောင်ဖြန့်ဖြူးပေးသည်ဆိုသည်ကို အတိအကျ မခွဲခြားနိုင်သေးဟု ဆိုပါသည်။ ဥပမာ-အေးဒီးစ်ခေါ် ခြင်ကျား၊ ခြင်ပုန်းအမျိုးက သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ကို သယ်ဆောင်ဖြန့်ဖြူးပေးသည်ဟု အတိအကျပြောနိုင်သော်လည်း ဇီကာဗိုင်းရပ်စ်အမျိုးစု ဗိုင်းရပ်စ်ကိုကား ထိုသို့ ပြောကြားနိုင်ခြင်းမရှိဟုဆိုပါသည်။ ဥပမာ ဝက်စ်နိုင်းဗိုင်းရပ်စ်ကို တောင်အာဖရိက၊ ပြင်သစ်၊ အစ္စရေးတို့ရှိ ကျူးလက်ခြင်တွင် တွေ့ရှိရပြီး အခြားဇီကာ၊ ဘန်ဇီ စသည့် ဗိုင်းရပ်စ်များကို အေးဒီးစ်ခြင်တွင်တွေ့ရှိရသည်ဟု ဆိုပါသည်။ ကြားခံ တိရစ္ဆာန်၊ ကြက်၊ ငှက်တိရစ္ဆာန်များကို ခြင်က ကိုက်ယူစုဆောင်း သယ်ဆောင်ကာ လူကိုကိုက်ပြီး ကူးစက်စေသောနည်းဖြင့် ရောဂါရရှိကူးစက်ပျံ့နှံ့ခြင်း ဖြစ်ပါသည်။

ရောဂါပိုးကူးစက်ခံရပြီး လူ၏ကိုယ်ထဲတွင် သုံးရက်မှ ၁၂ ရက်အထိ ဗိုင်းရပ်စ်ပိုးအင်အား ထူထောင်ပျိုးထောင်ပြီး ရောဂါလက္ခဏာများ စတင်ခံစားရပါသည်။ **ရောဂါဖြစ်နေသောလူက လူသို့ တိုက်ရိုက်ကူးစက်ခြင်းမရှိဟု ဆိုပါသည်။ ဗိုင်းရပ်စ်ပိုးရှိနေသောခြင်က လူကိုကိုက်ပြီး ကူးစက်ခံရခြင်းဖြစ်ပါသည်။ ရောဂါပိုးကူးစက်ခံရပြီး ရောဂါပိုးမွှားများ အားကောင်းနေသောအချိန်မှာ လူတွင်ရောဂါလက္ခဏာပေါ်စအချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် ခြင်ကကိုက်ပြီး ရောဂါပိုးကိုသယ်ဆောင်ကာ နောက်တစ်ယောက်ကို ကူးစက်စေပါသည်။** ကျား မမရွေးရောဂါကူးစက်နိုင်ပြီး အများအားဖြင့် သာမန်တုပ်ကွေးလက္ခဏာအဆင့်သာ ဖြစ်တတ်ပြီး အများပြည်သူကို ကူးစက်ပျံ့နှံ့စေပါသည်။ ရောဂါဖြစ်ပွားမှုများပြားသော နေရာဒေသများရှိ အသက်ငယ်ရွယ်သော ကလေးသူငယ်များတွင် အဖြစ်များကြောင်း တွေ့ရပါသည်။

> **ရောဂါဖြစ်နေသောလူက လူသို့ တိုက်ရိုက်ကူးစက်ခြင်းမရှိဟု ဆိုပါသည်။ ဗိုင်းရပ်စ်ပိုးရှိနေသောခြင်က လူကိုကိုက်ပြီး ကူးစက်ခံရခြင်းဖြစ်ပါသည်။ ရောဂါပိုးကူးစက်ခံရပြီး ရောဂါပိုးမွှားများ အားကောင်းနေသောအချိန်မှာ လူတွင် ရောဂါလက္ခဏာပေါ်စအချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် ခြင်ကကိုက်ပြီး ရောဂါပိုး ကိုသယ်ဆောင်ကာ နောက်တစ်ယောက်ကို ကူးစက်စေပါသည်။**

ဗိုင်းရပ်စ်ပိုးကိုနိုင်သော ကုသဆေးမရှိသည့်အတွက် ကြိုတင်ကာကွယ်ရေးကို အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ ရောဂါများဖြစ်ပွားနေသောဒေသတွင် ယင်းတုပ်ကွေးရောဂါဖြစ်နေသော ကြက်၊ ငှက်၊ သိုး၊ ဆိတ်၊ နွားစသော တိရစ္ဆာန်များနှင့် ၎င်းတို့ကိုယ်မှထွက်သော သွေးအရည်စသည်များကို အကာအကွယ်ပစ္စည်းများနှင့် သတိထားကိုင်တွယ်ရမည်ဖြစ်ပါသည်။ ရောဂါဖြစ်နေသော တိရစ္ဆာန် သိုး၊ ဆိတ် စသည်တို့မှ ထုတ်ယူဖော်စပ်ထားသော ယဉ်ပါးဗိုင်းရပ်စ်ပိုးကာကွယ်ဆေး (Live and inactivate vaccines) ရှိပါသည်။ ယင်းကာကွယ်ဆေးထိုး၍ ကြိုတင်ကာကွယ်နိုင်ပါသည်။

ဒေသဆိုင်ရာပြည်သူများအနေဖြင့် ရောဂါလက္ခဏာ မသင်္ကာဖွယ်တွေ့ရှိရပါက နီးစပ်ရာကျန်းမာရေးဌာန၊ ကျန်းမာရေးပညာရှင်ထံ သတင်းပို့ပြသတိုင်ကြားပါ။ ဥပဒေအရ သတင်းပို့တိုင်ကြားရန် သတ်မှတ်ခြင်းမရှိသော်လည်း ယခုကဲ့သို့ ဖြစ်ပွားတတ်သောအချိန်တွင် သတိပြုရန်လိုပါသည်။ အထူးကူးစက်ရောဂါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း တစ်ခုကဲ့သို့ ဆောင်ရွက်ရန် မလိုသကဲ့သို့ လူထုကာကွယ်ဆေးထိုးလုပ်ငန်းနည်းကိုလည်း ပြုလုပ်ရန်မလိုပါ။ ခြင်ကိုက်မခံရန် ပညာပေးခြင်း၊ ရောဂါဖြစ်နေသည်ဟု မသင်္ကာဖွယ် တိရစ္ဆာန်များကို သတ်ဖြတ်ကိုင်တွယ်ခြင်းမပြုရန် ပညာပေးခြင်း၊ ခြင်နှိမ်နှင်းရေး၊ ခြင်ပေါက်ပွားမှုတိုက်ဖျက်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးရန် စသောလုပ်ငန်းများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းသည်သာ ဇီကာဗိုင်းရပ်စ်အပါအဝင် ယင်းဗိုင်းရပ်စ်မျိုးနွယ်စု (Flaviviuses) များ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ခြင်းဖြင့် မြန်မာနိုင်ငံသားများ ဇီကာဗိုင်းရပ်စ်ရောဂါမှ ကင်းဝေးနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြရပါသည်။ ။

# ADB ချေးငွေဖြင့် မအူပင်-ဖျာပုံ အဝေးပြေးကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း လာမည့်ပွင့်လင်းရာသီတွင် စတင်ဆောင်ရွက်တော့မည်

**ဖျာပုံ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ အဝေးပြေးကားလမ်းမကြီးအား လာမည့် အောက်တိုဘာလမှစတင်၍ ADB ချေးငွေဖြင့် အဆင့်မြှင့်ပြုပြင်မည်ဖြစ်ရာ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူ၍ မအူပင်စက်မှုဇုန်မှ ဖျာပုံတံတားကြီးအောက် ဖျာပုံ-ဘိုကလေး လမ်းအထိ လမ်းအရှည် ၅၄ ဒသမ ၅ ကီလိုမီတာ လမ်းအကျယ် ၂၄ ပေ၊ လမ်းပခုံးတစ်ဖက်စီ ခြောက်ပေ၊ ကတ္တရာကွန်ကရစ်လမ်းနှင့် ကျိုက်လတ်မြို့တွင်းနှင့် ဖျာပုံမြို့တွင်းလမ်းတို့ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ရန်အတွက် မအူပင်-ကျိုက်လတ်ကားလမ်းကို ကိုရီးယားကုမ္ပဏီ၊ ကျိုက်လတ်-ဖျာပုံကားလမ်းကို ရွှေတောင်ကုမ္ပဏီတို့က တာဝန်ယူပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်းဘေလီတံတားကို တစ်လမ်းမောင်းမှ နှစ်လမ်းမောင်းသို့ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ ကျီးချောင်းတံတားကို အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် ကျိုက်လတ်မြို့တွင်း ဘုရားချောင်းတံတားကို ပြန်လည်အဆင့်မြှင့်တင်ပြုပြင်သွားမည်ဖြစ်ပြီး ယခု ADB ချေးငွေဖြင့် ဆောင်ရွက်မည့် မအူပင်-ဖျာပုံအဝေးပြေးကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ယခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်အပြီး တည်ဆောက်သွားမည်ဖြစ်သည်။ တည်ဆောက်မှုကို ADB ချေးငွေအမေရိကန်ဒေါ်လာ ၈၀ ဒသမ ၈ သန်းနှင့် နိုင်ငံတော်မှ ကုန်ကျငွေဒေါ်လာ သုည ဒသမ ၈ သန်းကျခံ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှင်းလင်းပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးအောင်မြင့်ဦးက ရှင်းလင်းပြောကြားသည်။အဆိုပါ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုပြုပြင်တည်ဆောက်ရမည့် မအူပင်-ဖျာပုံအဝေးပြေးလမ်းမကြီးတွင် ရေအောက်ကေဘယ်လ်ဆက်သွယ်ရေး၊ မြေအောက်ကေဘယ်လ်ကြိုးများကို ရှောင်ကွင်းဖောက်လုပ်၍ တင်ဒါရရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီများကို Construction Supervision Consultant များထားရှိဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်မည့်ကာလ သုံးနှစ်ကြာမြင့်မည်ဖြစ်သည်။ ယခုအဝေးပြေးကားလမ်းမကြီး အဆင့်မြှင့်တင်ပြီးစီးသွားပါက ဒေသအတွင်းရှိ ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး ခရီးသွားလာရသည့်အချိန်နှင့် သယ်ယူပို့ဆောင်စရိတ်လျော့ကျစေခြင်း၊ သုံးနှစ်တာစွမ်းဆောင်ရည်တိုးတက်မှုအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရန်နှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ လမ်းတည်ဆောက်ခြင်းနည်းပညာနှင့် အဓိကလမ်းပုံစံထုတ်ခြင်း စသည့်နည်းပညာများရရှိပြီး အလားတူဒေသများ၌ ပြန်လည်အသုံးချနိုင်စေခြင်း အကျိုးကျေးဇူးများရရှိနိုင်စေမည်ဖြစ်သည့်အပြင် ကျိုက်လတ်မြို့တွင် အခြေစိုက် Consultant Team Leader ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးအောင်မြင့်ဦးထံမှ သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဖျာပုံမြို့တွင်း လမ်းတိုးချဲ့ရာတွင် လမ်းဧရိယာမလွတ်ကင်းသည့် နေရာများသတ်မှတ်ထားမှု၊ လမ်းအကျယ်နှင့် လမ်းပခုံးပြုပြင်မှု၊ တည်ဆောက်ရေးကာလတွင် တန်ပိုမြေသယ်ကားကြီးများ ဖြတ်သန်းမှုများကို မြို့မိမြို့ဖများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က တင်ပြဆွေးနွေးရာ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ်က ပြန်လည်ရှင်းလင်းပြီး ထပ်မံသိရှိလိုသည့်အချက်များကို သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းနိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။ (၅၄၀)



(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက် နံနက်က အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးပေါ်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင် ၆၀ ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းပြုလုပ်ကြစဉ်။ (ကြေးမုံ)

# မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မန္တလေး စက်တင်ဘာ ၂၁**

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်မှူး ရဲမှူးသာဇော်ဦးစီး၍ စခန်းအမှတ် (၁)၊စခန်းအမှတ် (၂)၊ စခန်းအမှတ်(၄)၊ စခန်းအမှတ်(၅)နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဒု-ရဲမှူးလှမြင့်တို့ ပူးပေါင်းကာ စက်တင်ဘာ ၁၆ ရက်က ကုသိုလ်တော်ဘုရားကြီး၊ စန္ဒာမုနိဘုရားကြီး၌ စုပေါင်းကုသိုလ် သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ (ကြေးမုံ)



# လုံခြုံမှုရှိသောပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော လူ့ဘောင်သစ်တစ်ခု တည်ဆောက်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

အစိုးရဌာနများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ပထမအကြိမ် ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel Grand Ball Room ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)တို့ ပူးပေါင်းကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံများအားလုံးအတွင်း National Security Challenge တစ်ခုဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကိုဖြေရှင်းရာတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဓိက ရည်မှန်းချက်ဖြစ်သော လူသားများ၏ ကျန်းမာရေး၊ သာယာဝပြောရေးနှင့် လူမှုရေးပြဿနာများ ကင်းဝေးစေရေးတို့ကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် တချို့နေရာတွင် ထင်သာမြင်သာမှုရှိသော အောင်မြင်မှုများရရှိခဲ့သော်လည်း ပြည်သူလူထုအတွင်းမှာ ကျန်းမာရေး၊ လူမှုရေးနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော မှုခင်းများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်မှုများအကြား စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများသည် အလွဲသုံးမှုဖြစ်ပေါ်လာမှသာ လူ့အဖွဲ့အစည်းအတွင်း အန္တရာယ်ဖြစ်စေသော်လည်း ကုသရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင် အမှန်တကယ်လိုအပ်သော ဆေးဝါးများဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးများကို အလွဲသုံးမှုမရှိစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ဆေးကုသရေးလုပ်ငန်းများအတွက် လုံလုံလောက်လောက် ရရှိသုံးစွဲနိုင်အောင်နှင့် လမ်းလွဲမရောက်ရှိစေရေးတို့ကို ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အစိုးရဌာနများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်သည့်အခါ Community Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးမှုခင်းများနှင့် Organized Crime Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ် မှုခင်းများကို စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်မှုလျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါ နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ UN. Charter ပါ ပြဋ္ဌာန်းချက်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကို ဥပဒေများနှင့်အညီ လေးစားလိုက်နာသွားရမည်ဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များအရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ အစိုးရဌာနများအကြား ဘုံရည်မှန်းချက်များထားရှိပြီး ကိုယ်စီတာဝန်ရှိမှု၊ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပါဝင်မှု၊ သဟဇာတရှိမှုစသော သဘောတရားကို အခြေခံပြီးဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ရေးဆွဲမည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်သည်လည်း ကုလသမဂ္ဂအထွေထွေညီလာခံ၏ သဘောတူညီချက်များကို အခြေခံမူဘောင်အဖြစ်သတ်မှတ်ပြီး လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများ၊ အဆင့်ဆင့်ကျင်းပကာ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးအခြေအနေ၊ အနာဂတ်တွင် ဖြစ်လာနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများ၊ တည်ဆဲဥပဒေများနှင့် အခြေခံမူများအပေါ် ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ပြီး မူဝါဒကောင်းတစ်ရပ် ပေါ်ထွက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ရေးဆွဲထားပြီးဖြစ်သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် မျှော်လင့်ကြောင်း၊ လူမှုအဖွဲ့အစည်းများ၊ academic အဖွဲ့အစည်းများ၊ Practitioner များ၊ ကျွမ်းကျင်သူများနှင့် မူးယစ်ဆေးဝါး၏ဒုက္ခကို ခံစားနေရသောသူများ ပူးပေါင်းပါဝင်မှုကလည်း အဓိကကျသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မူဝါဒများနှင့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့်အခါ အားလုံးပါဝင်စေခြင်းဖြင့် ထိရောက်ကောင်းမွန်သော ရလဒ်ကောင်းများ ဖြစ်စေသည်ကိုလည်း သတိချပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာပျော်ရွှင်ပြီး လုံခြုံမှုရှိသောပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော လူ့ဘောင်သစ်တစ်ခုကို တိုးမြှင့်တည်ဆောက်ကြရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်ရာတွင် Community Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးမှုခင်းများနှင့် Organized Crime Level မှာ ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုခင်းများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့က အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ် ရေးဆွဲရေးလုပ်ငန်းစီမံချက်အားရှင်းလင်းတင်ပြခြင်း၊ UNODC မှ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရေးဆွဲရေး၌ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍအား ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးပွဲကို တက်ရောက်လာကြသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဦးစီးကော်မတီဝင်များက လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပ အာဆီယံနိုင်ငံများ၏ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများ ဆွေးနွေး



(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ အာဆီယံစွမ်းအင်ဖိုရမ် (၂၀၁၆) စာတမ်းဖတ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် စွမ်းအင်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၁**

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ အာဆီယံစွမ်းအင်ဖိုရမ် (၂၀၁၆) စာတမ်းဖတ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အာဆီယံစွမ်းအင်အလှည့်ကျဥက္ကဋ္ဌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအရေးကြီးပါကြောင်း၊ မိမိတို့ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးသည် အာဆီယံဒေသတွင်းသာမက အရှေ့အာရှနှင့် တောင်အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN Plan of Action for Energy Cooperation -APAEC 2010-2015) ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုနှစ် APAEC ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၂၀၁၆-၂၀၂၅ ၏ စီမံကိန်းပထမအဆင့် ၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း အာဆီယံဒေသတွင်းနိုင်ငံများ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် မူဝါဒရည်မှန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို တက်ကြွစွာပိုင်းဝန်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် MICC-II ၌ ခင်းကျင်းပြသထားသည့် စွမ်းအင်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နံနက် ၁၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Horizon Lake View Resort Hotel ၌ ဆက်လက်ကျင်းပသည်။ ယနေ့ကျင်းပသည့် ၂၀၁၆ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ Rural Electrification With Micro Hydro Power For SHARSEBO & 3 Villages Project က Winner ဆု၊ Solar Rooftop System က 1st Runner-up ဆုများ အသီးသီးရရှိခဲ့သည်။

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် AEBF-2016 သို့ အာဆီယံနိုင်ငံများ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ရုရှား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ IEA၊ ERIA၊ IAEA၊ IRENA စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Specialized Bodies နှင့် Sub-sector Networks တို့မှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ စွမ်းအင်ဆိုင်ရာပြခန်းပြသသူများ စုစုပေါင်း ၇၀၀ ကျော်တက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်၌"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အွန်လိုင်းမှတစ်ဆင့် အမြန်ဆုံးဆောင်ရွက်နိုင်မည့် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် စတင်

**သတင်းဆောင်းပါး - သီသီမင်း**

**ဓာတ်ပုံ - မင်းသစ်**



ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချပြုလုပ်နေစဉ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေဖြင့် (Asean Single Window)ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာ့အကောက်ခွန်၏ ထုတ်ကုန်၊ သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို အချိန်ကုန်သက်သာစွာဖြင့် အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်မည့် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) နှင့် မြန်မာ့အကောက်ခွန်သတင်းအချက်အလက်စနစ် (MCIS) တစ်ခုလုံး စတင်အသုံးပြုမှု ပထမအဆင့်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုဝင်ဘာလမှစတင်ကာ အသုံးပြုသွားမည်ဖြစ်သည်။

"၂၀၁၆ နိုဝင်ဘာစစချင်းမှာ ရန်ကုန်တိုင်းဒေသကြီး ဧရိယာအတွင်းမှာ ဆောင်ရွက်သွားမှာပါ။ Network ပိုင်းဆိုင်ရာတွေ ပြင်ဆင်ဆောင်ရွက်ထားတာ အားလုံး ၁၄ နေရာရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းလုပ်နေတဲ့ ဆိပ်ကမ်းတွေမှန်သမျှ၊ နောက်တစ်ခုက လေကြောင်းကနေဝင်လာတဲ့ သွင်းကုန်တွေ၊ ထုတ်ကုန်တွေနှစ်ခုစလုံး ကိုင်တွယ်ဆောင်ရွက်သွားနိုင်အောင် ဆောင်ရွက်ထားရှိပါတယ်" ဟု အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောသည်။

### တိုးချဲ့တပ်ဆင်အသုံးပြုနိုင်ရေး

ထို့ပြင် MACCS စနစ်မှ Custom Duty အပါအဝင် အခွန်အမျိုးအစား ၁၀ မျိုးကို ကောက်ခံသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် နယ်စပ်ထွက်ပေါက်များ၌ တိုးချဲ့တပ်ဆင်အသုံးပြုနိုင်ရေးကို ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းများရှင်းလင်းထုတ်ယူမှုလုပ်ငန်းစဉ်များတွင် Manual (စာရွက်စာတမ်းများဖြင့်ဆောင်ရွက်သည့်စနစ်) ဖြင့် ဆောင်ရွက်နေရသည့်အတွက် အချိန်ကြန့်ကြာခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ ကုန်သွယ်မှုကိန်းဂဏန်းပြုစုရာတွင် အခက်အခဲရှိခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးအတွက် အဟန့်အတားဖြစ်ပေါ်စေခြင်း၊ ဝန်ထမ်းနှင့်ပြည်သူ ထိတွေ့ဆောင်ရွက်ရမှုများပြားသဖြင့် အဂတိလိုက်စားမှုဖြစ်ပေါ်စေခြင်းစသည့် အားနည်းချက်များရှိကြောင်း သိရသည်။

### ပြည့်ပြည့်ဝဝအခွန်ကောက်ခံနိုင်

"အကောက်ခွန်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံက Manual သွားနေတဲ့အပိုင်းမှာ အချိန်အများကြီးကြာမြင့်တယ်၊ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်တွေအတွက်လည်း ဈေးကွက်မှာ အချိန်မီဝင်ရောက်ဖို့အတွက် အများကြီးအခက်အခဲရှိတယ်။ ဒီ Online စနစ်ကို အကောင်အထည်ဖော်လိုက်ခြင်းအားဖြင့် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခွန်ကောက်ခံတဲ့အပိုင်းမှာလည်း ဒီစနစ်အရ ကောက်ခံသွားမယ်ဆိုရင် ပြည့်ပြည့်ဝဝအခွန်ကောက်ခံနိုင်မှာဖြစ်သလို စာရင်းဇယားအားဖြင့်လည်း မှန်မှန်ကန်ကန်ဖြစ်လာမှာပါ"ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က ပြောသည်။

အဆိုပါ အခက်အခဲများကို လျော့နည်းပပျောက်စေရန် ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးပြီး အောင်မြင်လျက်ရှိသည့် NACCS(Nippon Automated Cargo and Port Consolidated System)စနစ်နှင့် CIS (Customs Intelligence System)တို့ကိုအခြေခံ၍ မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ်(MACCS)နှင့် မြန်မာ့အကောက်ခွန်သတင်းအချက်အလက်စနစ်(MCIS)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### နည်းပညာပိုင်း ထောက်ပံ့

"ဒီစနစ်က ဂျပန်နိုင်ငံရဲ့ မူပိုင်စနစ်ပါ။ ဂျပန်နိုင်ငံမှာ ကျင့်သုံးနေတာ ၁၉၇၈ ခုနှစ်ကတည်းကပါ။ ဂျပန်အစိုးရရဲ့ အကူအညီ(Grant Aid )ပေါ့။ ငွေကြေးတင်မကဘူး၊ နည်းပညာပိုင်းရော ကျွန်တော်တို့ကို ထောက်ပံ့ပေးတာပါ" ဟု အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောသည်။

ဂျပန်နိုင်ငံတွင် အသုံးပြုသူများ၏ ယုံကြည်စိတ်ချရမှုရရှိနေသည့် NACCS စနစ်သည် ဂျပန်နိုင်ငံရှိ သွင်းကုန်၊ ထုတ်ကုန်ကြေညာလွှာစုစုပေါင်း ၉၈ ရာခိုင်နှုန်းကို ၂၄ နာရီပတ်လုံး ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပေးလျက်ရှိကြောင်း သိရသည်။

### တစ်ခုနဲ့တစ်ခု ချိတ်ဆက်ဆောင်ရွက်

"အခုစတင်ကျင့်သုံးမယ့် MACCS စနစ်နဲ့ MCIS စနစ်နှစ်ခုမှာ တကယ်တမ်းပြောရရင် MACCS စနစ်က အကောက်ခွန်အပါအဝင် ပုဂ္ဂလိကတွေရော၊ အခြားသော အစိုးရအဖွဲ့အစည်းဌာနတွေရော အကုန်လုံးသုံးစွဲလို့ရတယ်။ ဒါပေမယ့် MCIS စနစ်ကတော့ မြန်မာ့အကောက်ခွန်ဌာနတစ်ခုတည်းကပဲ သုံးလို့ရပါတယ်။ သို့သော် ဒီစနစ်နှစ်ခုလုံးက တစ်ခုနဲ့တစ်ခု ချိတ်ဆက်ဆောင်ရွက်မှသာ အောင်အောင်မြင်မြင်နဲ့ လည်ပတ်သွားနိုင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောသည်။

ယခုအသုံးပြုသည့် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS)၏ ထူးခြားချက်မှာ ၂၄ နာရီပတ်လုံး အွန်လိုင်းဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သဖြင့် အလုပ်ချိန်၊ ရုံးချိန်ပြင်ပတို့တွင် ကြေညာလွှာတင်သွင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆**



အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ ဆိပ်ကမ်းသို့ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား စစ်ဆေးနေစဉ်။



ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချပြုလုပ်နေစဉ်။

◆ စာမျက်နှာ ၈ မှ
ခြင်းများကို လွယ်ကူစွာ လက်ခံဆောင်ရွက်နိုင်ခြင်း၊ အခွန်အရပ်ရပ်ပေးဆောင်ခြင်းအား ကြိုတင်အပ်နှံငွေနှင့် ဘဏ်အာမခံစနစ်ဖြင့် ပေးဆောင်နိုင်ခြင်း၊ ယခင်က ကုန်ပစ္စည်းရှင်းလင်းထုတ်ယူရာတွင် အခွန်ဆောင်ပစ္စည်း စစ်ထုတ်ယူသည့်စနစ်မှ ပစ္စည်းစစ် အခွန်ဆောင်ထုတ်ယူမှုစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်း၊ အခွန်အရပ်ရပ် တွက်ချက်မှုအတွက် ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်ပေးသော Daily Exchange Rate အစား Weekly Exchange Rate သို့ ပြောင်းလဲကျင့်သုံးခြင်း စသည့်အချက်များပင်ဖြစ်သည်။

မြန်မာ့အကောက်ခွန်သည် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့သို့လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့အတွင်းသို့ ဝင်ရောက်ထားပြီး အာဆီယံ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီ၊ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော်ဦးဆောင်ဦးရွက်မှုအစီအစဉ်နှင့် မဟာမဲခေါင်ဒေသတွင်းသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ**

ထို့ပြင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)၊ အာဆီယံပြတင်းတစ်ပေါက်စနစ်တို့ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်၏ ထုတ်ကုန်၊ သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလတွင် စတင်ကျင့်သုံးတော့မည့် MACCS စနစ်သည် National Single Window(NSW) အကောင်အထည်ဖော်ဆောင်ရွက်မှုကိုပါ အထောက်အကူပြုနိုင်မည့် စနစ်တစ်ခုဖြစ်သည့်အတွက် အခြားအစိုးရဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ရာ ပထမအဆင့်တွင် သွင်းကုန်ထုတ်ကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ အပင်ပိုးမွှားကာကွယ်ရေးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် စသည့် ဌာနအဖွဲ့အစည်းတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အမျိုးသားပြတင်းတစ်ပေါက်စနစ်**

"ဒေသတွင်း နိုင်ငံတွေနဲ့ယှဉ်ရင် နောက်မကျသေးပါဘူး။ အချိန်မီတယ်လို့ ပြောလို့ရတယ်။ အခုစနစ်က အမျိုးသားပြတင်းတစ်ပေါက်စနစ်ကိုပဲ တက်လှမ်းနိုင်သေးတာ။ အမျိုးသားပြတင်းတစ်ပေါက်စနစ် အောင်မြင်သွားရင်တော့ အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ချိတ်ဆက်နိုင်ပြီ"ဟု အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးလွင်က ပြောသည်။

MACCS System ကိုစတင်ရန် ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်မှစ၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာတွင် Brief Design ပြီးစီးခဲ့ပြီး Detail Design ကို မတ်လကုန်တွင် ရေးဆွဲနိုင်ခဲ့ကြောင်းနှင့် Running Test ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလ အထိ (၃) လကြာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စမ်းသပ်ကာလကို စတင်ဆောင်ရွက်နေပါတယ်။ ဒီကြားထဲမှာ Network ပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ Software ပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ User Guide Line တွေ ပြုစုတာတွေ၊ နောက်ပြီး website ရေးဆွဲတာတွေ


အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်။

ဒါတွေအားလုံးကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ အရာရှိတွေ၊ ပုဂ္ဂလိက က ပုဂ္ဂိုလ်တွေကို သင်တန်းတွေ၊ အသိပညာပေးမှုတွေ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောသည်။

**မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ်**

မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် MACCS စနစ်ကို အသုံးပြုမည်ဆိုပါက အသုံးပြုသူ User အနေဖြင့် အကောက်ခွန်ဦးစီးဌာန တတိယထပ်ရှိ MACCS ဌာနခွဲ မှတ်ပုံတင်ဌာန၌ မှတ်ပုံတင်ခြင်းပြုလုပ်နိုင်ပြီး မှတ်ပုံတင်ပြုလုပ်ထားသည့် Usear အသုံးပြုနိုင်ရန် User ID Password ပေးခြင်း၊ System ကို ဝင်ရောက်နိုင်ရန် ကွန်ပျူတာ ကီးပေးခြင်းတို့အပြင် အသုံးပြုမည့် ကွန်ပျူတာအရည်အတွက်ကိုလိုက်၍ Computer Terminal ID ပေးခြင်းတို့ကို ပြုလုပ်ပေးမည်ဖြစ်ပြီး အဆိုပါအချက် သုံးချက်ပြည့်စုံသူကသာ System သို့ ဝင်ရောက်ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း၊ အကောက်ခွန်ဌာန MACCS ဌာနခွဲ (IT) မှသိရသည်။

"လက်ကိုင်ဖုန်းတွေကနေ WiFi Hotspot လွှင့်ပြီးလည်း အသုံးပြုနိုင်ပါတယ်။ ကွန်ပျူတာတစ်လုံးနဲ့ ဖုန်းတစ်လုံးနဲ့ဆို ဖုန်းမိတဲ့နေရာတွေကနေ လုပ်နိုင်ပါတယ်။ Internet ကို အသုံးပြုရတဲ့အတွက် အခက်အခဲမရှိနိုင်ပါဘူး။ ဒီစနစ်က ၂၄ နာရီလုံး ရုံးပိတ်ရက်ပါမကျန် အသုံးပြုနိုင်ပါတယ်။ ကြိုက်တဲ့အချိန်တင်လို့ရပါတယ်။ အရင်က စာရွက်စာတမ်းနဲ့ဆို ၃၊ ၄ ရက် ကြာတဲ့အချိန်မှာ အခု ၃ စက္ကန့်အတွင်း လုပ်ငန်းလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု MACCS ဌာနခွဲ (IT)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေက ပြောသည်။

ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့အကောက်ခွန်ဌာနသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်ရေးဆိုင်ရာဒေသရုံး-အာရှပစိဖိတ်၊ ဒေသတွင်း စုံစမ်းစစ်ဆေးမှု ဆက်ဆံဆောင်ရွက်ရေးရုံး၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ အကောက်ခွန်အဖွဲ့အစည်းများ၊ ကမ္ဘာ့ဉာဏပစ္စည်းဆိုင်ရာအဖွဲ့၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး**

ထို့ပြင် အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်အတွင်းသို့ တင်သွင်းလာသောပစ္စည်းများ ပြည်ပသို့တင်ပို့သောပစ္စည်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ အခွန်အကောက်များကြီးကြပ်ကောက်ခံခြင်း၊ သွင်းကုန်၊ ပို့ကုန်များကို တည်ဆဲဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ကြပ်မတ်ခြင်း၊ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ သွင်းကုန်၊ ပို့ကုန်များ၏ ကုန်သွယ်မှုကိန်းဂဏန်းများကို စာရင်းပြုစုခြင်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများခေတ်မီစေရေး ဆောင်ရွက်ခြင်း၊ ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေခြင်းအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင် နယ်စပ်ဒေသကုန်သွယ်မှု ၂၀ ရာခိုင်နှုန်းရှိပြီး ရေကြောင်းနှင့် လေကြောင်းမှ ကုန်သွယ်မှုမှာ ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ အဓိက ရေကြောင်းကုန်သွယ်မှု အများဆုံးဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ ကောက်ခံရရှိသည့် အခွန်ငွေများမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျပ် ၂၃၈ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျပ် ၅၁၄ ဘီလီယံ ကောက်ခံရရှိခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုလုပ်ငန်းများမှ ကောက်ခံရရှိသည့် အခွန်ငွေသည် တိုးတက်လာကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ရင်းနှီးမြှုပ်နှံမှုတွေများလာ**

"ကုန်သွယ်မှုပြုတဲ့အခါ လုပ်ငန်းရှင်တွေက သူတို့ကုန်စည်တွေကို မြန်မြန်တင်သွင်းချင်တယ်။ တင်ပို့ချင်တယ်။ ရှင်းလင်းပြတ်သားပြီး ခိုင်မာတဲ့ လုပ်ငန်းစဉ်ကို လိုချင်ကြတယ်။ ရင်းနှီးမြှုပ်နှံတဲ့သူတွေအနေနဲ့လည်း ဒီနိုင်ငံမှာ အခွန်မူဝါဒဘယ်လိုရှိလဲ၊ ကုန်သွယ်မှုမူဝါဒဘယ်လိုရှိသလဲဆိုတာ အရင်လေ့လာကြတယ်။ ကုန်သွယ်မှုမူဝါဒက ပွင့်လင်းမြင်သာမှုရှိတယ်။ အကောက်ခွန်မူဝါဒကလည်း ခိုင်မာတယ်။ ယုံကြည်ရတယ်။ စိတ်ချရတယ်။ မြန်ဆန်တယ်ဆိုတာ သိလာရင်တော့ ရင်းနှီးမြှုပ်နှံမှုတွေများလာမှာပါ"ဟု အကောက်ခွန်ဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးလွင်က ပြောသည်။

ခေတ်စနစ်တို့ ပြောင်းလဲလာမှုနှင့်အတူ နိုင်ငံတကာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေးအတွက် နိုင်ငံတကာ အသိအမှတ်ပြုစံလုပ်ထုံးလုပ်နည်းများ နည်းပညာများလည်း ပြောင်းလဲလာသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း လက်ရှိဆောင်ရွက်နေသည့် သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်ကို အွန်လိုင်းစနစ်သို့ ပြောင်းလဲကျင့်သုံးလာခြင်းသည် လုပ်ငန်းများမြန်ဆန်သွက်လက်မှန်ကန်လာမည်ဖြစ်ပြီး သွင်းကုန်၊ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ကုန်သွယ်မှုပမာဏများလည်း တိုးတက်လာနိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍများကိုလည်း တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

---

# လူမှုစီးပွားအကျိုးဖြစ်စေရေး ယူကလစ်သစ်မျိုးကို တိုးချဲ့စိုက်ပျိုးရန် အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ယူကလစ်စိုက်ပျိုးနိုင်မည့် အလားအလာများကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်၍ ယူကလစ်စိုက်ပျိုးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းတည်ထောင်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိရာတွင် စီးပွားရေးအရ အရေးပါသည့် မြန်မာ့ကျွန်းနှင့် ပျဉ်းကတိုး၊ ပိတောက်စသည့် တန်ဖိုးရှိသစ်များကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသသစ်မျိုးများ စိုက်ပျိုးပေါက်ရောက်ရှင်သန်ရန် ခက်ခဲသည့်နေရာများတွင် ယူကလစ်ပင်များကို အစားထိုးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ယူကလစ်ပင်ဟာ အာဟာရအတွက် ရေကို ပိုမိုစုပ်ယူတယ်လို့ အများက ပြောကြပါတယ်။ ဘာလို့လဲဆိုတော့ ယူကလစ်ပင်က ခက်ခဲကြမ်းတမ်းတဲ့ ရာသီဥတုတွေမှာ ရှင်သန်ပေါက်ရောက်နိုင်ပါတယ်။ အမြစ်က ရေကိုစုပ်ယူသိုလှောင်တဲ့စွမ်းအားဟာ အခြားအပင်တွေရဲ့ အမြစ်တွေထက် ပိုမြင့်မားပါတယ်။ ယူကလစ်ပင်ရဲ့ ရေသောက်မြစ်က မြေအောက် ပေ ၂၀ ထက် ပိုပြီးတော့ ရေကို မစုပ်ယူနိုင်တဲ့အတွက် မြေအောက်ရေအတွက်တော့ ထိခိုက်မှုမရှိပါဘူး"ဟု ယူကလစ်စိုက်ခြင်းအားဖြင့် မြေဆီလွှာထိခိုက်မှု ရှိ၊ မရှိနှင့်ပတ်သက်ပြီး သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက ပြောသည်။

ယူကလစ်သစ်မျိုးများ၏ မူရင်းဒေသသည် ဩစတြေးလျနိုင်ငံဖြစ်ပြီး ယူကလစ်မျိုးစိတ်ပေါင်း ၇၀၀ ခန့်ရှိသည်။ ယူကလစ်သစ်မျိုးသည် ကြီးထွားနှုန်းမြန်ခြင်း၊ ယူကလစ်ဆီထုတ်ယူနိုင်ခြင်း၊ စက္ကူပျော့ဖတ်ပြုလုပ်နိုင်ခြင်း၊ အချိန်တိုအတွင်း ထင်းလောင်စာရရှိနိုင်ခြင်း၊ စက္ကူအထည်အလိပ်စသည်တို့ ထုတ်လုပ်ရာတွင် စက်မှုကုန်ကြမ်းအဖြစ် ထုတ်လုပ်နိုင်ခြင်းနှင့် ခုတ်ယူရိတ်သိမ်းပြီး ငုတ်တက်စနစ်ဖြင့် ပြန်လည်မျိုးဆက်နိုင်ခြင်းတို့ကြောင့် ယူကလစ်သစ်မျိုးကို သစ်တောစိုက်ခင်းအဖြစ် ကမ္ဘာ့နိုင်ငံအများအပြားတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ယူကလစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ တောင်သူတွေရဲ့ တစ်ဦးချင်း ဝင်ငွေရရှိဖို့အတွက် တခြားသီးနှံတွေထက်စာရင် ယူကလစ်ပင် အစားထိုးပြီး စက်မှုကုန်ကြမ်းသီးနှံစိုက်ပြီးတော့ ကုန်ကြမ်းရယူဖို့အတွက် ၂၀၀၈ ခုနှစ်ကစပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယူကလစ်ပင်က တစ်ဧကကို အပင် ၅၀၀ နဲ့ ၆၀၀ ကြားခန့် ဝင်ဆံ့မှုရှိပါတယ်။ အဲဒီအပင်တွေရဲ့ သက်တမ်းငါးနှစ်ပြည့်ရင် တစ်ဧကရဲ့ သုံးပုံနှစ်ပုံခုတ်မယ်ဆိုရင် သစ်လုံးတန် ၅၀ နဲ့ ထင်း ၁၀ တန်လောက်ရပါတယ်။ သစ်တစ်တန်ကို ကျပ်တစ်သိန်းသုံးသောင်းနဲ့တွက်ရင် စုစုပေါင်း ကျပ်သိန်း ၆၀ လောက်ရမယ်။ သစ်ပါးလွှာမှာ အထပ်သားလုပ်လို့ရတယ်။ အဲဒီတော့ စက်ရုံက အကျိုးအမြတ်ရမယ်။ စက်ရုံကနေ ပရိဘောဂတွေ ဆက်ထုတ်နိုင်မယ်ဆိုရင် အကျိုးအမြတ်ပိုရရှိမယ်။ မြေညံ့တဲ့နေရာတွေမှာ စိုက်ရင်တောင် တစ်ဧက ကျပ်သိန်း ၆၀ လောက် ဝင်ငွေရတယ်။ ဒါပေမယ့် တောင်သူတွေအနေနဲ့ စပြီးတော့စိုက်ပျိုးရမှာဆိုတော့ မရဲကြဘူး။ ဒါကြောင့် တောင်သူတွေပါလာဖို့ လိုပါတယ်။ လုပ်ငန်းရှင်တွေကတော့ အကျိုးစီးပွားအတွက် စိုက်ကြမှာပဲ။ အစိုးရအနေနဲ့လည်း ဝိုင်းကူဖို့လိုပါတယ်" ဟု



ဟွန်ဒါ(မြန်မာ) ကုမ္ပဏီ၏ အကြံပေး ဗိုလ်မှူးချုပ် တင်မောင်အုန်း(ငြိမ်း)က ပြောသည်။

၁၉၈၁-၁၉၈၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စက်မှုကုန်ကြမ်းစိုက်ခင်း ၁၇၉၁၂ ဧကတွင် ယူကလစ်သစ်မျိုးသီးသန့် ၁၁၈၇၇၄ ဧကနှင့် ကျေးရွာထင်းစိုက်ခင်း ၄၄၉၅၈၆ ဧက တည်ထောင်ရာတွင် အများစုမှာ ယူကလစ်သစ်မျိုးဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။ ယူကလစ်သစ်မျိုးကို စိုက်ပျိုးခြင်းဖြင့် မုန်တိုင်းများ၏ လေတိုက်နှုန်းကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည့်အပြင် စိုက်ပျိုးသီးနှံပင်များ ရောဂါပိုးမွှားဖျက်ဆီးခံရမှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သက်သာကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့်နေရာဒေသများ၊ မြေအတန်းအစားညံ့သည့်နေရာများတွင် စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အပင်များစိုက်ပျိုးရန် လိုအပ်လာခြင်း၊ တိုးပွားလာသော လူဦးရေအတွက် ထင်း၊ မီးသွေး၊ တိုင်၊ သစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းမရှိပါက သဘာဝတောများမှ တရားမဝင် ထုတ်ယူသုံးစွဲမှုရှိလာနိုင်သဖြင့် တောအတန်းအစား ကျဆင်းလာနိုင်ခြင်း၊ တိုးတက်လာသော ခေတ်စနစ်နှင့်အညီ စက်ရုံ၊ အလုပ်ရုံများတွင် စက်မှုကုန်ကြမ်းလိုအပ်ချက်မြင့်မားလာမှုအပေါ် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် လိုအပ်လာခြင်းနှင့် မုန်တိုင်းတိုက်ခတ်ပါက လေတိုက်နှုန်းအရှိန်လျှော့ချရန်အတွက် လေကာတန်းအပင်များ မဖြစ်မနေစိုက်ပျိုးရန် လိုအပ်လာခြင်းတို့ကြောင့် သင့်တော်သည့် သစ်မျိုးရွေးချယ်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နားလည်လက်ခံမှုသာလျှင် လုပ်ငန်းများ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ယူကလစ်စိုက်ပျိုးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကြည်၊ ကိုမင်း**

❖ **စာမျက်နှာ ၅ မှ**

ရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်မည် မဟုတ်ပါကြောင်း၊ ပညာရေးစနစ် တစ်ခု အဆင့်အတန်း အရည်အသွေး အာမခံနိုင်မှုသည် မသမာသောနည်း ဖြင့် ဖြေဆိုခြင်းကို ထိန်းကွပ်နိုင်မှု အပေါ်တွင် များစွာတည်မှီနေပါသဖြင့် ယခု ပြင်ဆင်ပြဋ္ဌာန်းထားသည့် စာစစ် အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းအား လေးနက်စွာထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဥပဒေကြမ်း၏ ပြဋ္ဌာန်း ချက်များတွင်ပါဝင်သည့် စကားရပ် များနှင့် အသုံးအနှုန်းများကို ဥပဒေ ရေးထုံးနှင့် ကိုက်ညီစေရန်နှင့် အဓိပ္ပာယ်တိတိကျကျ ပေါ်လွင်စေရန် အတွက် ပယ်ဖျက်ရန်၊ ပြင်ဆင်ဖြည့် စွက်ရန်နှင့် အစားထိုးရန်လိုအပ်သည့် အချက်များကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ယင်းတို့ကို ပြင်ဆင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်က မူလ ဥပဒေဟောင်းတွင် မြန်မာနိုင်ငံစာစစ် အဖွဲ့ကို ဖွဲ့စည်းရာ၌ ဥက္ကဋ္ဌဖြစ်သူ ပညာရေးဝန်ကြီး တစ်ဦးတည်းက ဩဇာလွှမ်းမိုးပြီး ပညာရေးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းခဲ့သည့် အတိုင်း မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ထပ်မံဖွဲ့စည်းပါက မည်သို့မျှပြောင်းလဲ မှုရှိနိုင်မည် မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ဘာသာရပ် နှင့် သင်ရိုးများကို ကမ္ဘာ့အဆင့်မီ ဖွဲ့စည်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး တွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်း များနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

---

❂ **အိမ်အကူမိန်းကလေးငယ်များမှ**

ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း၊ ကျေနပ်မှုမရှိပါက မူလသတင်းပေးတိုင်ကြားသူ ကလည်းကောင်း၊ မိဘများကလည်းကောင်း အမှုဖွင့်လှစ်သင့်ပါကြောင်း ဩဂုတ် ၁၅ ရက်တွင် ပြန်လည်အကြောင်းကြားခဲ့သည့်အပြင် ဩဂုတ် ၂၉ ရက်တွင် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးက ကော်မရှင်ရုံးသို့ လာရောက်၍ ဖြစ်စဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အိမ်အကူမိန်းကလေးများ၏အလုပ်ရှင် ဒေါ်တင်သူဇာနှင့် ဒေါ်သီရိလတ်တို့အား စက်တင်ဘာ ၁၅ ရက်တွင် ကော်မရှင်ရုံးသို့ လာရောက် တွေ့ဆုံဖြေရှင်းရန် ဩဂုတ် ၃၀ ရက်က အကြောင်းကြားခဲ့သဖြင့် စက်တင်ဘာ ၈ ရက်တွင် လာရောက်ရှင်းလင်းပြောကြားခဲ့ပြီး ထိခိုက်နစ်နာမှုများအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းဖြေရှင်းနိုင်ရန် ထပ်ဆင့်တောင်းဆိုခဲ့ကြောင်း။

ထိုတောင်းဆိုမှုအရ မူလချိန်းဆိုထားသည့် စက်တင်ဘာ ၁၅ ရက်တွင် အိမ်အကူမိန်းကလေး မစန်းကေခိုင်၏ မိခင်ဒေါ် ညိုညိုဝင်းနှင့် မသဇင်သင်း၏ အဒေါ် ဒေါ်အုန်းငွေတို့အပါအဝင် နှစ်ဖက်သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ကော်မရှင်ရုံး၌တွေ့ဆုံပြီး ကော်မရှင်အဖွဲ့ဝင်များ၏ရှေ့မှောက်တွင် ညှိနှိုင်း ခဲ့ကြရာ မစန်းကေခိုင်အတွက် နစ်နာကြေး ကျပ်သိန်း ၄၀ နှင့် မသဇင်အတွက် နစ်နာကြေး ကျပ် ၁၀ သိန်းတို့ကို ပေးအပ်ရန်သဘောတူညီမှုအရ ယင်းနေ့ ညနေပိုင်းတွင် ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နစ်နာကြေးများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများ မပေးခဲ့သည့် အဆိုပါဖြစ်စဉ်ကို နစ်နာကြေးများဖြင့် ပြေလည်မှုရရှိစေရန် ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အား လူမှုကွန်ရက်စာမျက်နှာများပေါ်နှင့် ပြည်သူများကြား ဝေဖန်မှု များဖြစ်ပေါ်နေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လူကုန်ကူးမှုဥပဒေပါ အချက်အလက်များ နှင့် ငြိစွန်းနေသည်ကိုတွေ့ရှိရသဖြင့် နစ်နာသူများကိုယ်စား အမှတ်(၆)လူကုန် ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)က တရားလိုပြုလုပ်၍ စက်တင် ဘာ ၂၀ ရက်တွင် အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ကျူးလွန်သူတို့အား ကျောက်တံတားမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- ဖေဇော်၊ ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**

---

❒ **ဥရောပခရီးစဉ်မှ**

**မြန်မာ့လက်ရွေးစင် - တစ်ဂိုး**
**ဘာချမ်(ဘယ်လ်ဂျီယံ) - တစ်ဂိုး**

စက်တင်ဘာ ၁၁ ရက်မှစတင်ကာ ဂျာမနီနိုင်ငံ၌ လေ့ကျင့်နေသည့် ဒုတိယမြောက်ခြေစမ်းပွဲဖြစ်ပြီး နှစ်ပွဲစလုံး သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အသင်းကစားကွက်နှင့် နည်းဗျူဟာကို စမ်းသပ်နေသည့် ဂတ်ဖရိုင်းဒရစ်သည် ယခုပွဲတွင်လည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ကာ စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး နယ်သာလန်ကလပ်နှင့် ကစားခဲ့သည့် ပထမပွဲတွင် မပါဝင်ခဲ့သည့် ကစားသမားအချို့ကို အသုံးပြုခဲ့သည်။ ဘာချမ်အသင်းက ၁၀ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သောကြောင့် မြန်မာအသင်း နောက်မှ လိုက်ကစားရသော်လည်း ၂၅ မိနစ်တွင် ဝင်းနိုင်စိုးက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း ဂိုးကံခေခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တတိယခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် နယ်သာလန်ကလပ် ရိုဒါဂျေစီ ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

---

# အိမ်အကူမိန်းကလေးများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့် မိသားစုကို လူမှုဝန်ထမ်းဦးစီးဌာနက တရားစွဲဆိုရန် အမှုဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၁

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် လမ်း(၄၀)အထက်ရှိ အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့်မိသားစုက အိမ်အကူမိန်းကလေးများ အား ညှဉ်းပန်းနှိပ်စက်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ၁၉၉၃ ခုနှစ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုနိုင်ရန် ယနေ့ ညနေ ၃ နာရီတွင် ကျောက်တံတားမြို့မရဲစခန်း၌ ထပ်မံတရားလိုပြုလုပ် အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**



**တင်မင်းလတ်(ခ)ဖိုက်ဇယ်**



**ဒေါ်တင်သူဇာ**



**မစုမွန်လတ်**

"အသက်(၁၈)နှစ်မပြည့်သေးတဲ့ ကလေးတွေကို နှိပ်စက်ညှဉ်းပန်းလို့ လူမှုဝန်ထမ်းဦးစီးဌာနက တရားလို ပြုလုပ် တရားစွဲဆိုတာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှု ဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

အဆိုပါ မိန်းကလေးငယ်များသည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့ နယ် ရှာဘွားကျေးရွာအုပ်စု ဘောလုံး ကွင်းကျေးရွာနေ မစန်းကေခိုင်(၁၇) နှစ်နှင့် မသဇင်(၁၆)နှစ်တို့ဖြစ်ပြီး ၎င်းတို့၏ အုပ်ထိန်းသူမိဘများက အိမ်အကူလုပ်ငန်း လုပ်ကိုင်ရန် အတွက် အင်းဝအပ်ချုပ်ဆိုင်သို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူ လုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း အိမ်ရှင် နှင့်မိသားစုက အိမ်အကူမိန်းကလေး ငယ်များ နေ့စဉ်နှိပ်စက်နေကြောင်း၊ ၎င်းတို့ ခန္ဓာကိုယ်အနှံ့အပြားတွင် ထိုးသွင်းပြတ်ရှ အမာရွတ်များလည်း တွေ့ရှိရကြောင်း မြန်မာနိုင်ငံ လူ့အခွင့် ရေးကော်မရှင်သို့လိပ်မူ၍ တိုင်တန်း မှုအား ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးက တိုင်စာအား သက်သေ များနှင့်အတူ စိစစ်ခဲ့ရာ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်သူဇာက အိမ်အကူလစာ တစ်လလျှင် ငွေကျပ် နှစ်သောင်း ရမည်ဖြစ်ကြောင်း ပြောဆို၍ လက်ခံ ခဲ့ကြောင်း၊ လုပ်ခလစာများအား ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ ရရှိခဲ့ သော်လည်း စက်တင်ဘာလမှစ၍ လုပ်ခလစာများ မရရှိတော့ဘဲ ဆက်လက်လုပ်ကိုင်နေရသည့်အပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် လွဲချော်ပါက ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့က မျက်နှာနှင့် တစ်ကိုယ်လုံးအား ရိုက်နှက် နှိပ်စက်ညှဉ်းပန်းခြင်း၊ အစာရေစာ မကျွေးဘဲထားခြင်း၊ မစန်းကေခိုင်၏ လက်ချောင်းများအား လှန်ချိုးခြင်းနှင့် ကိုယ်အင်္ဂါ ချို့ယွင်း အောင် အမျိုးမျိုးနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် အိမ်အကူမိန်းကလေး မစန်းကေခိုင် ၏မိခင် ဒေါ်ညိုညိုဝင်းနှင့် မသဇင်၏ အဒေါ် ဒေါ်အုန်းငွေတို့အပါအဝင် နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာပုဂ္ဂိုလ် များသည် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်ရုံး၌တွေ့ဆုံပြီး ကော်မရှင် အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင်ညှိနှိုင်း ခဲ့ကြရာ မစန်းကေခိုင်အတွက် နစ်နာ ကြေးသိန်း ၄၀၊ မသဇင်အတွက် နစ်နာ ကြေး ၁၀ သိန်းတို့ကို ပေးအပ်ရန် သဘောတူညီမှုရရှိကာ ကျောက်တံတား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၌ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့် အရေးကော်မရှင်၏ ညှိနှိုင်းပေးချက် နှင့်ပတ်သက်၍ လူမှုကွန်ရက် စာမျက် နှာများတွင် မကျေနပ်မှုများ၊ ဝေဖန် သံများ ပျံ့နှံ့လျက်ရှိသည့်အပြင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီ က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ရုံးရှေ့တွင် စာတန်း များကပ်ခြင်းဖြင့် လူ့အခွင့်အရေး ကော်မရှင်၏ ညှိနှိုင်းပေးမှုကို ကန့်ကွက် သည့် ကမ်ပိန်းတစ်ခု ပြုလုပ်ခဲ့သည်။

ထို့ပြင် အမျိုးသမီးအဖွဲ့များ ကွန်ရက်(မြန်မာ)မှ မခင်လေးက"ပညာ လည်းမတတ်ဘူး၊ ဗဟုသုတလည်းမရှိ ဘူးဆိုရင် တရားဥပဒေအရ တရားစွဲ ရင် ဘယ်လိုအပြစ်ပေးလို့ရတယ်၊





**ညှဉ်းပန်းနှိပ်စက်ခြင်းခံရသူ မစန်းကေခိုင်အား ဒဏ်ရာများနှင့် တွေ့ရစဉ်။**

နစ်နာကြေးကဘယ်လို၊ ဘယ်လို ဆောင်ရွက်ရတယ်။ ဒါတွေကို သေချာ ရှင်းပြပေးဖို့လိုတယ်။ ခုဟာက မလုပ် ပေးဘဲနဲ့ ရပ်ကွက်ထဲမှာရန်ဖြစ်တဲ့သူ ကို ဖြေရှင်းပေးသလို ဆောင်ရွက်ပေး သွားတာဖြစ်တဲ့အတွက် ကျွန်မတို့က မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ကို ရှုတ်ချတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးဇော် ဝင်းက "ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့ အညီ ကျွန်တော်တို့ဆောင်ရွက်ပေး ခဲ့တာဖြစ်ပါတယ်။ ရဲကအစီရင်ခံစာ လာတင်တော့ သက်သေထွက်တာတွေ ပါတယ်။ ဒါပေမယ့် ဓာတ်ပုံမပါတဲ့ အတွက်ရယ်၊ နောက် ကျွန်တော်တို့ရဲ့ ကော်မရှင်ဥပဒေပုဒ်မ ၃၇ မှာ တရား ရုံးတွင် စစ်ဆေးနေတဲ့အမှုများ၊ တရားရုံးမှ စီရင်ဆုံးဖြတ်တဲ့ အမှုများ ကို ဝင်ရောက်စစ်ဆေးခြင်းမပြုရလို့ ပါတယ်။ အဲဒီတော့ ဒီအမှုက တရားရုံးလည်း မရောက်သေးဘူး၊ ရဲစခန်းမှာလည်း အမှုကမဖွင့်ရသေး ဘူး"ဟု ပြောသည်။

ထို့နောက် စက်တင်ဘာ ၂၀ ရက် က အမှတ်(၆ )လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စု ရန်ကုန်က တရားလိုပြုလုပ်၍ ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့အား အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက (ပ) ၁၉၃/၂၀၁၆ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(ရန်ကုန်)မှ ဒုတိယရဲမှူး မျိုးသိန်းက"ပဏာမစစ်ဆေးလိုက်တဲ့ အခါကျတော့ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၃(က)မှာ ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့ သွားပြီး ငြိစွန်းနေတဲ့ အတွက်ကြောင့်မို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ၂၄/၃၂ နဲ့ အမှုဖွင့်လှစ် ဆောင်ရွက်တာပါ"ဟု ပြောသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး က စွဲဆိုထားသည့် ပုဒ်မ၂၄/၃၂ တွင် ပုဒ်မ ၃၂ ၌ ထောင်ဒဏ်မည်မျှ ကျခံ ရမည်ဟု ဖွင့်ဆိုချက်တွင် မပါဝင်သော် လည်း ပုဒ်မ၂၄တွင် ထောင်ဒဏ် ၁၀ နှစ်သို့မဟုတ် တစ်သက်တစ်ကျွန်း အပြင် ဒဏ်ငွေပါချမှတ်နိုင်သည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တရားလွှတ်တော်ရှေ့နေ ဦးအောင် သူရိန်ထွန်းက ပြောသည်။

ထို့ပြင် ကလေးသူငယ် အခွင့် အရေးချိုးဖောက်ခံရသည်ကို တွေ့ရှိပါ က မိဘကိုယ်တိုင်မဟုတ်ဘဲ အခြား တာဝန်သိပြည်သူ တစ်ဦးဦးက တိုင်ကြားနိုင်သည်ဟု ဥပဒေတွင် ဖော်ပြထားကြောင်း Nay Thu Yein Law Farmမှ သိရသည်။

၎င်းကဆက်လက်၍ "လူကုန်ကူးမှု တားဆီးကာကွယ်ရေးကိစ္စဟာ ကျေအေးပေးလို့ရတဲ့ ကိစ္စမဟုတ်ပါ ဘူး။ ဥပဒေကြောင်းအရ လူ့အခွင့် အရေးကော်မရှင်က ညှိနှိုင်းပေးခွင့် မရှိဘူး။ ရာဇဝတ်မှုက ရာဇဝတ်မှု ပါ။ ညှိနှိုင်းပေးရုံနဲ့ ပြေပျောက်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဥပဒေကလည်း ခွင့်ပြုမထားပါဘူး"ဟု ကလေး အခွင့်အရေး လိုက်ပါဆောင်ရွက်နေ သည့် Nay Thu Yein Law Farm မှ တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက ပြောသည်။

အိမ်အကူမိန်းကလေးငယ်များ အား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာ များမပေးခဲ့သည့် ပြစ်မှုကျူးလွန်သူ များအား စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် သယ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ပြည်တော်သာလမ်းရှိ နေအိမ်မှ ဒေါ်တင်သူဇာအား လည်း ကောင်း၊ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တင်မင်းလတ်(ခ) ဖိုက်ဇယ်နှင့် မစုမွန်လတ်တို့အား လည်းကောင်း ဖမ်းဆီးရမိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနက ညှဉ်းပန်းနှိပ်စက်ခံရသည့် မိန်းကလေးများ၏ စိတ်ဒဏ်ရာ သက်သာမှုရရှိအောင် နှစ်သိမ့် ဆွေးနွေးပညာပေးမှုများ ဆောင်ရွက် ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လက်မှုပညာနှင့် ကျောင်းပြင်ပ ပညာရေးများကို သင်ကြားပေးသွား မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံးမှ သိရသည်။

**သတင်း - သီသီမင်း**
**ဓာတ်ပုံ - Myanmar Now၊ လင်းလင်းအောင်**

# တောင်သူဦးကြီးများ လွယ်ကူအဆင်ပြေစေရေး တန်ဖိုးနည်းလယ်ယာသုံးပစ္စည်းများစွာပေါ်ထွက်

**တပ်ကုန်း စက်တင်ဘာ ၂၁**



မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများမှ တောင်သူဦးကြီးများ လွယ်ကူအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုနေသော တန်ဖိုးနည်းလယ်ယာသုံးပစ္စည်းများမှာ ယခုအခါ များစွာပေါ်ထွက်နေပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံရှိ INTESO ကုမ္ပဏီမှ တန်ဖိုးနည်းလယ်ယာသုံးပစ္စည်းများ တင်သွင်းနေသည့် INFO-ZONE ကုမ္ပဏီမှ သိရသည်။

တပ်ကုန်းမြို့နယ်ရှိ တန်ဖိုးနည်းလယ်ယာသုံးပစ္စည်းများ ဖြန့်ဖြူးနေသည့် INFO-ZONE ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဇော်က "ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ တောင်သူဦးကြီးများအတွက် စိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေမယ်။ တောင်သူများအတွက်လည်း တန်ဖိုးနည်းစက်မှုလယ်ယာ အသေးစားစက်ပစ္စည်းများ အသုံးပြုပုံကို ထောက်ပံ့သင်ကြားရင်းနဲ့ ကူညီရောင်းချပေးသွားမှာပါ။ နှစ်ဦးနှစ်ဖက်အတွက်လည်း အကျိုးရှိစေပါတယ်။ ပြီးတော့ ခိုင်းနွားအသုံးပြုစရာမလိုအောင် လုပ်ဆောင်နိုင်တဲ့ ဗီယက်နမ်နိုင်ငံက ထုတ်လုပ်တဲ့ ရွှေကျွဲ (TRAU VANG) အမှတ်တံဆိပ်ပါ လယ်ထွန်စက်အသေးစားများကိုလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူဦးကြီးများသိစေဖို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။

"ဒီစက်ပစ္စည်းဟာ ကုန်းပေါ်မှာဆိုရင် ထွန်ယက်နိုင်မယ်။ မြေပြင်နိုင်မယ်။ ပေါင်တင်နိုင်မယ်။ ဆေးဖျန်းနိုင်မယ်။ ရေထဲမှာဆိုရင် တမန်းနူးခြင်း၊ ထွန်ယက်ခြင်းနဲ့ စပါးစိုက်ပျိုးခြင်းများကို လုပ်ဆောင်နိုင်ပါလိမ့်မယ်၊ စိုက်ပျိုးရေးပစ္စည်း သုံးမျိုးကို အဲဒီစက်မှာတပ်ဆင်ပြီး လိုအပ်သလို လုပ်ဆောင်နိုင်ပါတယ်။ ဆီစားသက်သာတဲ့ အာမခံချက်ရှိတဲ့ ဒီစက်ဟာ ကျေးရွာမှာရှိနေကြတဲ့ အမျိုးသမီးတွေပါ မောင်းတင်နိုင်တဲ့ portable စက်တစ်မျိုးပါ။ တောင်သူဦးကြီးများအဆင်ပြေစေဖို့အတွက် နောက်ပိုင်း သုံးလလောက်ကြာပြီးရင် ကျွန်တော်တို့က ဘဏ်များနဲ့ ချိတ်ဆက်ရောင်းချပေးသွားမှာပါ။ ဒါလည်း တိုက်ရိုက်ရောင်းချဈေးနှုန်းဖြစ်တဲ့ ဒီလယ်ထွန်စက်အသေးစားရဲ့ဈေးနှုန်းက တစ်လုံးကို ငွေကျပ် ၁၀ သိန်းခွဲဖြစ်သလို ဘဏ်များနဲ့ ချိတ်ဆက်ရောင်းချပေးရင်လည်း ဘဏ်တိုးရှိပေမယ့် ဈေးနှုန်းကတော့ ဒီဈေးနှုန်းပဲဖြစ်ပါတယ်။ အလုပ်သမားစရိတ်ကို ၈၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်တဲ့ ဒီစက်ဟာ ခိုင်းနွားတစ်ရှဉ်းရဲ့ ဈေးနှုန်းထက် အများကြီး သက်သာသွားမှာဖြစ်ပြီး တောင်သူဦးကြီးများကလည်း စိုက်ပျိုးရေးလုပ်ငန်းများကို လွယ်ကူမြန်ဆန်စွာ လုပ်ဆောင်နိုင်ကြပါလိမ့်မယ်။ တောင်သူတွေအသုံးပြုလို့ စက်က ချွတ်ယွင်းချက်ဖြစ်ခဲ့ရင်လည်း ပြုပြင်နိုင်ဖို့အတွက် အမြို့မြို့ အနယ်နယ်တိုင်းမှာ ဆားဗစ်စင်တာတွေကို ဖွင့်လှစ်ပေးသွားမှာပါ"ဟု ရှင်းပြသည်။

တပ်ကုန်းမြို့နယ်ရှိ ရှောက်ကုန်းကျေးရွာမှ ဦးကျော်လေးက "ဒီလယ်ထွန်စက် အသေးစားလေးဟာ တောင်သူတွေအတွက် အသုံးတဲ့ပါတယ်။ ဦးလေးတို့ဆီမှာ ခိုင်းနွား တစ်ရှဉ်းကို ငွေကျပ် သိန်း ၂၀ ရှိပါတယ်။ ခိုင်းနွားတစ်ရှဉ်းလို အသုံးပြုနိုင်တဲ့ ဒီစက်လေးကျတော့ တစ်လုံးကို ငွေကျပ် ၁၀ သိန်း ပိုပိုလေးဆိုတော့ တောင်သူတိုင်း လွယ်လွယ်ကူကူဝယ်ယူသုံးစွဲလို့ရတာပေါ့။ ဒီစက်ကိုလေ့လာကြည့်တော့ စက်ရဲ့သုံးစွဲမှုပမာဏက စိုက်ပျိုးရေးလုပ်ငန်းရဲ့ အရာရာကို လုပ်ဆောင်ပေးနိုင်တဲ့အပြင် ဆီစားသက်သာတဲ့အတွက်ကြောင့် တောင်သူတိုင်းအတွက် အသုံးတည့်ပါတယ်။ ခိုင်းနွားကျတော့ မနက်ပိုင်းလေးပဲ မောင်းနိုင်တာလေ။ ဒီစက်ကျတော့ ခိုင်းနွားထက် လုပ်ဆောင်မှု ပိုမိုမြန်ဆန်တာဖြစ်တဲ့အတွက် ကိုယ်က ဝီရိယရှိရင် ရှိသလို အချိန်အခါမရွေး စိုက်ပျိုးနိုင်တာဆိုတော့ ပိုထိရောက်မှုရှိပါတယ်။ ဒီစက်ကို ဝယ်ယူသုံးစွဲဖို့လည်း စဉ်းစားပြီးပါပြီ။ ခုလို ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများပေါ်လာပြီဆိုတော့ ဦးလေးတို့ နေ့စဉ်ငှားရမ်းရတဲ့ အလုပ်သမားစရိတ်သက်သာသွားပြီး ရာသီဥတုအခြေအနေပေါ်မူတည်ပြီး လျင်မြန်စွာ စိုက်ပျိုးသုံးစွဲခွင့်ရတော့မှာပါ" ဟု သုံးသပ်ပြောဆိုသည်။

အဆိုပါ ဂျပန်နိုင်ငံ၏ နည်းပညာဖြင့် ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သော ရွှေကျွဲ (TRAU VANG) အမှတ်တံဆိပ်ပါ လယ်ထွန်စက်အသေးစား၊ VIDA မှ 4 Stroke နှင့် Hengyue 2 Stroke ပေါင်းရှင်းမြေဖွစက်များ လက်တွေ့အသုံးပြုပုံကို တပ်ကုန်းမြို့နယ်ရှိ ရှောက်ကုန်းကျေးရွာတွင် နေထိုင်ကြသော တောင်သူဦးကြီးများအား INFO-ZONE ကုမ္ပဏီမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက လက်တွေ့သရုပ်ပြခြင်းနှင့် ဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

■

# ကျောင်းသားလူငယ်များအား အသိပညာပေးဟောပြောပွဲ အ.ထ.က ထီးချိုင့်၌ ကျင်းပ

**ထီးချိုင့် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပညာရေးဌာနတို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း သခင်မြမောင်ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တမြို့နယ်တပ်ဖွဲ့မှူး ဒုရဲမှူးစိုးအောင်က မူယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအကြောင်းအရာများကို ဗီဒီယိုပြသ၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုရဲမှူး စိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထကကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမာ၊ ဆရာဆရာမများနှင့်အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၉၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။ **(ဇွဲမာန်-ထီးချိုင့်)**

# မှူခင်းအသိပညာပေးပြခန်းယာဉ် ဘီးလင်း၌ ပြသ

**ဘီးလင်း စက်တင်ဘာ ၂၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုနှင့် သထုံခရိုင်ရဲတပ်ဖွဲ့တို့၏ အနီးကပ်ကြီးကြပ်သည့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးပြခန်းယာဉ်သည် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးရန် ရည်ရွယ်၍ စက်တင်ဘာ ၁၉ ရက်က ဘီးလင်းမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အသိပညာပေးပြခန်းယာဉ်တွင် လူမှောင်ခိုလူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအသိပညာပေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းနှင့် စာစောင်များပါဝင်ပြီး ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးယာယီရဲမှူး စိုးမြင့်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာကျောင်းများ၊ ဒေါက်ရပ်ကျေးရွာနှင့် နှင်းပုလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြသကာ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | မောင်ကံထူး | မြင်နေတဲ့ခန္ဓာအပြင် နောက်တစ်ခန္ဓာကို တွေ့ပါပြီလား | ၈၀၀ိ/-စာပေလောက၆ |
| ၂ | ဇာတ်ညွှန်း-ဝေသာ သရုပ်ဖော်ပန်းချီ-လှပ | အမျိုးသားပညာဝန်ဆရာကြီးဦးဖိုးကျား၏ ကလေးလူငယ်များဖတ်ရှု လေ့လာဖွယ်ဖြစ်သော ကိုယ်တွေ့ဝတ္ထုများ-၃ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၃ | ဒေါက်တာထွန်းဝင်း | လောကကြီးကိုဉာဏ်ပညာဖြင့်စီမံခန့်ခွဲခြင်း ဗျူဟာများ | ၂၃၀၀ိ/- စိတ်ကူးချိုချို |
| ၄ | အံ့မောင် | လိုက်မလားပုဂံဘုရားဖူးနှင့် အခြားခရီးသွားအက်ဆေးများ | ၃၀၀၀ိ/-မိတ်ဆွေများစာပေ |
| ၅ | ရွှေဥဒေါင်း | ကိုယ်ရံတော် | ၂၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၆ | ဂျာနယ်ကျော်ဦးချစ်မောင် ရွှေလင်းယုန် | အိမ်ကြီးမာယာ | ၂၃၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၇ | ကြူမွေး | ဘုမသိဘမသိဖူးစာ | ၂၇၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၈ | ဇင်မျိုး-မြန်မာပြန် | စီးပွားရေးသမား၊နိုင်ငံရေးသမားဒေါ်နယ်ထရန့် | ၈၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၉ | ဒေါက်တာခင်မောင်ဝင်း(သင်္ချာ) | သင်္ချာဉာဏ်စမ်းတွက်နည်းနှင့်အဖြေ | ၁၅၀၀ိ/-ရန်အောင် ၁ စာပေ |
| ၁၀ | နေထွန်း-ပြန်ဆိုသည် | ကင်ဆာပျက်သုဉ်းစပျစ်ကုထုံး | ၂၀၀၀ိ/-ရန်အောင် ၁ စာပေ |
| ၁၁ | ကလောင်စုံ | လင်းလွန်းခင်စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုရှည်များ(၂) | ၇၅၀၀ိ/-လင်းလွန်းခင်စာပေ |
| ၁၂ | ROBERT HTUN WIN | Smart Learners Essays & Letters | ၂၀၀၀ိ/-ခေတ်သစ်စာပေ |
| ၁၃ | ညီညီအောင် | အကောက်ခွန်ဝန်ဆောင်မှုအကြောင်း သိကောင်းစရာ | ၄၅၀၀ိ/- |
| ၁၄ | မောင်မောင်စိုး | ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ ပြဿနာဆောင်းပါးများ | ၂၀၀၀ိ/-ရန်အောင် ၂ စာပေ |
| ၁၅ | ကျောင်လင်းထွန်း-မြန်မာပြန် | ဒိုင်ယာနာမင်းသမီး | ၁၀၀၀ိ/- ဟန်သာဆုစာပေ |
| ၁၆ | ဘိုးသိမ်း | တက္ကသိုလ်များဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့်တခြား တက္ကသိုလ်ရေးရာကျောင်းသားသမဂ္ဂရေးရာဆောင်းပါးများ | ၃၀၀၀ိ/-အာရုဏ်သစ်စာပေ |
| ၁၇ | ကျော်စွာ | လူနည်းစုလူမျိုးများအခွင့်အရေး | ၂၅၀၀ိ/-MKS စာပေ |
| ၁၈ | မြတ်ငြိမ်း | အကြံကောင်းလျှင်ငွေမရှား | ၄၀၀၀ိ/-ဇေယျာမိုးစာပေ |
| ၁၉ | ထက်ခေါင် | ရေခဲရုပ်တုနှင့် သူတောင်းစားသိက္ခာ | ၂၅၀၀ိ/-Future စာပေ |
| ၂၀ | | FREE STYLE VOL.13ဒီဇိုင်း ၇၀၀ | ၁၈၀၀ိ/-ရွှေနိုင်ငံစာပေ |
| ၂၁ | ဆရာထိန်လင်း | ကိုယ်တိုင်ရေး ကိုယ်တိုင်ကျင့် အင်္ဂလိပ်စာဝါကျ တည်ဆောက်ပုံများ | ၁၃၀၀ိ/-မဇ္ဈိမစာပေ |
| ၂၂ | ဂျိမ်း(စ်)လှကျော် | မောင်ရင်မောင်မမယ်မ | ၁၇၀၀ိ/-မြဝတီစာပေ |
| ၂၃ | မင်းစိုး-မြန်မာပြန် | မမ်မီ(MUMMY) | ၃၀၀၀ိ/-ဦးဆောက်ပန်းစာပေ |
| ၂၄ | ကလောင်စုံ | သံမဏိလိပ်ပြာကဗျာပွဲတော် | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၅ | မြသန်းတင့် | ဒုတိယအသံက ဝေဖန်ခြင်း | ၂၅၀၀ိ/-ခေတ်ပြတိုက်စာပေ |
| ၂၆ | Quality အယ်ဒီတာအဖွဲ့ | ငြိမ်းချမ်းရေးခရီးသည်နယ်လ်ဆင်မင်ဒဲလား | ၄၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၂၇ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | ဆရာတော်ဦးဗုဒ် | ၂၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၂၈ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | သပိတ်အိုင်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တကိတ္တိ | ၂၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၂၉ | ကောင်းမြတ်လွန်းသော် | ဟယ်ရီပေါ်တာနှင့်ကျိန်စာသင့်ကလေး | ၄၅၀၀ိ/-ငါတို့စာပေ |
| ၃၀ | ဆရာဇေယျာမိုး(ဝေဒဗိမာန်) | ဓာတ်ကြီးလေးပါးအောင်တော်မူ ဆွမ်းတော်ကပ်လှူနည်း | ၁၀၀၀ိ/- ဟန်သာဆုစာပေ |
| ၃၁ | မပန်းခက် | ၂၁ ရာစုမြန်မာစာပေါင်းချုပ် | ၂၅၀၀ိ/-နှစ်ကာလများစာပေ |
| ၃၂ | မောင်သာနိုး | မောင်သာနိုးကဗျာများ | ၁၅၀၀ိ/-နှစ်ကာလများစာပေ |
| ၃၃ | ဒဂုန်တာရာ | ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာများ(၄) | ၂၅၀၀ိ/-နေရီရီစာပေ |
| ၃၄ | ဥပဒေသုတေသီခင်ဝင်းမြင့် | အမျိုးသားမြေအသုံးချမှုဝါဒ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ | ၁၅၀၀ိ/-ရှုတိုင်းယဉ်စာပေ |
| ၃၅ | ဒေါက်တာမောင်မောင်သန်း | ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာဝယ် | ၁၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၃၆ | HLa Moe Win Htunn | Not for Sale | ၁၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၃၇ | ယောဂီစောလွင် | အမှန်မြင်သိပြီလား | ၂၅၀၀ိ/-Union Publishing House |
| ၃၈ | စိုးမြင့်ဒွတ်း (အာယုဗ္ဗေဒဂုဏ်ထူး) | ဒူလာလိပ်ခေါင်းရောဂါကုထုံးနှင့် ဆေးဝါးဓာတ်စာများ | ၁၅၀၀ိ/-နန်းဒေဝီစာပေ |
| ၃၉ | သန်းဝင်းလှိုင် | နယ်ချဲ့ဆန့်ကျင်ရေးငြိမ်းချမ်းရေးဖခင်ကြီး၊ မျိုးချစ်စာဆိုဆရာကြီး သခင်ကိုယ်တော်မှိုင်း | ၂၀၀၀ိ/-ပင်ဝါးရုံစာပေ |
| ၄၀ | တင်ဝင်း(ရေစကြို) | ရုပ်ပွားတော်အနုပညာနိဒါန်း | ၁၅၀၀ိ/-ရှင်မတောင်စာပေ |

**ဆက်လက်ဖော်ပြပါမည်။**

# ချစ်ခရီး အဆုံးသတ်ကြတော့မည့် အိန်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်ဒ်



ပရိသတ်များက Brangelina ဟု ချစ်စနိုးအမည်ပေးထားသည့် ဟောလိဝုဒ်ရုပ်ရှင်လောက၏ အကျော်အမော်နှစ်ဦးဖြစ်သူ မင်းသမီး အိန်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်တို့သည် မကြာမီတွင် ကွာရှင်းပြတ်စဲကြတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကွာရှင်းပြတ်စဲခြင်းအတွက် တရားရုံးတော်သို့ ယမန်နေ့က လျှောက်တင်ခဲ့ခြင်းဖြစ်ပြီး အကြောင်းပြချက်မှာ ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့ဟု ဆိုကာ မင်းသမီး အိန်ဂျလီနာဂျိုလီဘက်မှ စတင်ကာ ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျိုလီက အဆိုပါကွာရှင်းပြတ်စဲခြင်းနှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မှ ပေးမည်မဟုတ်သလို မီသားစုဝင်များကိုလည်း ဆက်သွယ်မေးမြန်းခြင်းမပြုလုပ်ရန် ပြောကြားထားသည်။

ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသူ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးသံတမန်ဖြစ်သူ ဂျိုလီနှင့် ဘရက်ပစ်တို့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ရုံတင်ပြသခဲ့သည့် By the Sea အိမ်ထောင်ရေးဇာတ်ကားအပြီးတွင် အတွင်းရေးပြဿနာများ စတင်ခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။

အနုပညာရှင်မိဘနှစ်ပါးမှ ဆင်းသက်လာသူ အကယ်ဒမီဆုများရှင် မင်းသမီး အိန်ဂျလီနာဂျိုလီသည် မင်းသား ဘရက်ပစ်နှင့် Mr & Mrs Smith ဇာတ်ကားတွင် စတင်ဆုံတွေ့ခဲ့ကြခြင်းဖြစ်ပြီး ယမန်နှစ်က ထွက်ရှိခဲ့သည့် အိမ်ထောင်ရေးပညာပေးဇာတ်ကား By the Sea တွင်လည်း ဇာတ်ညွှန်းပိုင်းဆိုင်ရာနှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာများကို အတူတကွ ဆောင်ရွက်ခဲ့ကြသည်။

အသက်(၄၁)နှစ်အရွယ် ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီနှင့် အသက်(၅၂)နှစ်အရွယ် မင်းသား ဘရက်ပစ်တို့သည် ၂၀၀၄ ခုနှစ်မှစတင်ကာ ဆယ်စုနှစ်တစ်ခုကြာ အတူနေခဲ့ပြီး၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ၌ လက်ထပ်ခဲ့ကြသည်။ ၎င်းတို့နှစ်ဦးတွင် သားသမီး ခြောက်ဦးရှိပြီး သုံးဦးမှာ မွေးစားသားသမီးများဖြစ်သည်။ သရုပ်ဆောင် ဘရက်ပစ်သည် ဂျိုလီ၏ တတိယမြောက်အိမ်ထောင်ဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် Jonny Lee Miller နှင့်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် Billy Bob Thornton နှင့်လည်းကောင်း လက်ထပ်ခဲ့သည်။ အလားတူပင် ဂျိုလီသည်လည်း ဘရက်ပစ်၏ ဒုတိယအိမ်ထောင်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်က မင်းသမီး ဂျနီဖာအန်နီစတန်နှင့်လက်ထပ်ခဲ့သည်။

မျိုးစန္ဒာမောင် – စုစည်းသည်

## ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် မြင်တွေ့ရမည့် Girls' Generation's မှ ဆူးယောင်



Girls' Generation's ကေပေ့ါ်ပ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူးယောင်အား ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် မြင်တွေ့ရတော့မည်ဖြစ်သည်။

Polyclinic Doctor ဟု လက်ရှိ ယာယီအမည်ပေးထားသည့် ယင်းဒရမ်မာဇာတ်ကားသစ်သည် ဆေးဘက်ဆိုင်ရာဌာနအသီးသီးသို့ ပြောင်းရွှေ့တာဝန်ချထားခြင်းခံရသည့် ဆေးကျောင်းသူလေးတစ်ဦးအကြောင်းကို အဓိကဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားတစ်ကားလည်းဖြစ်သည်။ အပိုင်း ၁၆ ပိုင်းပါဝင်သည့် ယင်းဇာတ်ကားတွင် ဆရာဝန်တစ်ဦးဖြစ်လာရန်အတွက် ကျော်ဖြတ်ခဲ့ရသည့် အချစ်၊ အလွမ်း သံယောဇဉ်များ၊ သူငယ်ချင်းသံယောဇဉ်များအကြောင်း ဖွဲ့နွဲ့ထားသည်။

အဆိုပါ Polyclinic Doctor ဇာတ်ကားအတွက် အဓိကအမျိုးသား သရုပ်ဆောင်ကို ယခုအချိန်ထိ မရွေးချယ်ရသေးပေ။ ထို့အတူ ပြသမည့် ရုပ်သံလိုင်းအတွက်လည်း ညှိနှိုင်းဆဲဖြစ်ကြောင်း သိရသည်။

ယခုဒရမ်မာဇာတ်ကားသည် ဆူးယောင်၏ ဒုတိယမြောက်သရုပ်ဆောင်ခြေလှမ်းဖြစ်ပြီး Squad 38 ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားခဲ့သည်။

ထို့အပြင် ဆူးယောင်သည် ယခုနှစ်အတွင်း တောင်ကိုရီးယားရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသမည့် Perfect Senseဒရမ်မာဇာတ်လမ်းတွဲနှင့် 38 Revenue Collection Unit တို့တွင် လည်း ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းအပြင် ဂီတဆိုင်ရာလှုပ်ရှားမှုများအနေဖြင့် Girls' Generation's ကေပေ့ါ်ပ်အဖွဲ့နှင့် အဖွဲ့လိုက်လှုပ်ရှားမှုများအပြင် ၂၀၁၄ ခုနှစ်က My Spring Days အမည်ရှိ တစ်ကိုယ်တော် အယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီးဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂- ၉ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ တောင်ပေါ်မြို့လေးသို့ အလည်တစ်ခေါက်
- ၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးတေး) (ဝါသနာရှင်( ဒုတိယတန်း) အဆင့်) (အမျိုးသမီး)
- ၈း၄၅ "လူငယ်ရေးရာ မူဝါဒအကြောင်း သိကောင်းစရာ"(အပိုင်း-၂)
- ၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၄၀ ASEAN Spotlight
- ၁၀း၃၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၃၅ "အထွေထွေသုတနှင့် ကျန်းမာရေး"
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို"(အပိုင်း-၃)
- ၁း၃၅ "သီလဝတောင်ပြုံးသွားတယ်
- ၁း၅၅ အကပြိုင်ပွဲ(ဝါသနာရှင် (ပထမတန်း)အဆင့်)(ပထမဆု) (မောင်ရဲသွေး) (ရန်ကုန်တိုင်းဒေသကြီး)
- ၂း၁၀ အလင်္ကာကျော်စွာ ရွှေပြည်အေးနှစ် (၁၀၀) ပြည့် တေးဂီတအစီအစဉ် (အပိုင်း-၂)
- ၂း၃၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဝန်မကျကြွေးမပြေ" (ဦးဝင်းမြိုင်၊ အောင်မိုး၊ ပိုင်ဇေ) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
- ၃း၃၅ Weekly Sport Info
- ၄း၁၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး) (ဝါသနာရှင်(ပထမတန်း) အဆင့်)(အမျိုးသမီး)
- ၄း၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
- ၅း၁၅ ပြည်သူတို့ရဲ့ စကားသံများ
- ၅း၃၅ လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ
- ၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို"(အပိုင်း-၄)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)
- ၉း၀၀ -ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၂) မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) ဒါရိုက်တာ -ကြည်စိုးထွန်း၊ ထပ်ဆင့်အကယ်ဒမီချိုပြုံး)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၀ မေတ္တာပို့
- ၇း၂၅ ဓမ္မပူဇာတေး
- ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၄ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၂၀ ရှေးဟောင်းသုတ
- ၈း၃၅ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ လျှပ်တစ်ပြက်
- ၉း၂၅ ဒေသန္တရဗဟုသုတအစုံစုံ အလှဖုံဖုံ
- ၉း၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၉း၅၀ Casusl Talk
- ၁၀း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၁၅ မေးမြန်းစူးစမ်း
- ၁၀း၃၅ Cooking Art
- ၁၁း၁၀ သူနှင့်သူ၏သီချင်းများ
- ၁၁း၂၅ မြန်မာ့ရှုခင်း
- ၁၁း၃၅ မောင်မယ်လေးများသိစေချင်
- ၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၀၀ World Wide Web
- ၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
- ၁၂း၂၅ မှတ်တမ်း
- ၁၂း၃၅ သီချင်းလက်ဆောင်
- ၄း၂၅ အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ
- ၄း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ သီချင်းလက်ဆောင်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အယ်ဒါနာ အပိုင်း(၅၈)
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၆း၃၅ ကိုယ်ပျောက်လူသား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မစ္စကိုရီးယား အပိုင်း(၇) ဘောလုံးကန်ကြမယ် အနုပညာရှင်ရဲ့ဒိုင်ရာရီ တစ်မျက်နှာ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၄)

## MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၄၀ "သစ္စာအနက်(၁၆)ချက် " (အမှတ်-၁၅) တရားတော် [ဆရာတော်ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီ ဆရာတော်)]
- ၈း၀၀ "မင်္ဂလာပါ" The Morning show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၆)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၇)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၃း၄၅ Myanmar International Travel Mart 2016
- ၄း၀၅ Cartoon Series (English PlayGround)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၂)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၅၅)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၇)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၈)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ကာလာစုံ Lesson ရုပ်ရှင်ဇာတ်ကားကြီး အကြိုစကားဝိုင်း
- ၁၀း၃၀MRTV-4 Stage
- ၁၁း၀၀ World Of Knowledge (Dog Whisperer Bites Back Male Phobia)



# ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်ဆုဖလားများကို ဂွါဒီယိုလာ ရယူနိုင်လိမ့်မည်ဟု ဇာဗီပြောကြား

နည်းပြဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားနှင့် ပရီမီယာလိဂ်ဆုဖလားတို့ကို မရယူနိုင်စရာအကြောင်းမရှိကြောင်း ဘာစီလိုနာအသင်းကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဇာဗီက ပြောကြားလိုက်သည်။

နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့တွင် နည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် မမေ့နိုင်စရာအောင်မြင်မှုများကို ရယူပေးခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနည်းပြအဖြစ် ပြောင်းလဲတာဝန်ယူခဲ့သူဖြစ်သည်။ ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကို ကိုင်တွယ်ခဲ့ရာတွင် ပြည်တွင်းပြိုင်ပွဲ၌သာမက ဥရောပပြိုင်ပွဲများမှာပါ ဆုဖလားများကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

လက်ရှိတွင်လည်း နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်(၅)အပြီးတွင် ငါးပွဲစလုံးအနိုင်ရရှိအောင်စွမ်းဆောင်ကာ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်တွင်လည်း မိုချန်ဂလာဘတ်အသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်အဖွင့်လှခဲ့သည်။

ထို့ကြောင့် အသက်(၄၅)နှစ်အရွယ်ရှိ နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းနှင့်အတူ ကြီးမားသည့် အောင်မြင်မှုတစ်ခုကို ပိုင်ဆိုင်နိုင်မည်ဟု ဇာဗီက ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နည်းပြဂွါဒီယိုလာသည် ဘာစီလိုနာအသင်းနှင့်အတူ တစ်နှစ်တည်းဖလားသုံးလုံးရယူနိုင်ခဲ့သည့် မှတ်တမ်းရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းနှင့်အတူ ဆုဖလားသုံးလုံး သို့မဟုတ် ဆုဖလားလေးလုံးအထိ ရယူနိုင်လိမ့်မည်ဟု ဇာဗီက ယုံကြည်ထားခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)



# ချယ်လ်ဆီးအသင်း အီးအက်ဖ်အယ်လ်နောက်တစ်ဆင့်တက်လှမ်း

အီးအက်ဖ်အယ်လ်တတိယအဆင့်ပြိုင်ပွဲတွင် လက်စတာစီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ရာ ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်း နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်တွင် လက်စတာစီးတီးအသင်းသည် ပွဲကစားချိန် ၁၇ မိနစ်တွင် ရရှိခဲ့သည့် အိုကာဇာကီ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၃၄ မိနစ်တွင် အိုကာဇာကီက ဒုတိယမြောက်သွင်းဂိုးကို ထပ်မံသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ပထမပိုင်းအပြီးတွင် အိမ်ကွင်း၌ နှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် ပွဲကစားချိန် ၄၅ မိနစ်တွင် သွင်းယူခဲ့သည့် ကာဟေးလ်၏ သွင်းဂိုး၊ ၄၉ မိနစ်တွင် ရရှိခဲ့သည့် အက်ပလီကူတာ၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၉၂ မိနစ်နှင့် ၉၄ မိနစ်တို့တွင် ရရှိခဲ့သည့် ဖာဘရီဂတ်၏ သွင်းဂိုးနှစ်ဂိုးတို့ရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် လက်စတာစီးတီးအသင်းသည် ပွဲကစားချိန် ၈၉ မိနစ်တွင် နောက်တန်းကစားသမား ဝါဆိုင်းစကီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး တစ်ယောက်လျော့အနေအထားတွင် ချယ်လ်ဆီးအသင်းက နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့သို့ ပွဲပြီးခါနီးအချိန်တွင် နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့ခြင်းကြောင့် ကွင်းလယ်ကစားသမား ဖာဘရီဂတ်အား နည်းပြကွန်တီက ချီးကျူးစကားဆိုခဲ့သည်။ ချယ်လ်ဆီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပွဲစဉ်(၆) တွင် အာဆင်နယ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး လက်စတာစီးတီးအသင်းမှာမူ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ၂၀၁၈ တွင် အင်တာမီလန်သို့ ပြောင်းရွှေ့ရန် နည်းပြဆီမြူနီ မျှော်လင့်

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အာဂျင်တီးနားနိုင်ငံ နည်းပြ ဆီမြူနီသည် ၂၀၁၈ ခုနှစ်တွင် အသင်းဟောင်း အင်တာမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကိုင်တွယ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

နည်းပြဆီမြူနီသည် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အက်သလက်တီကိုမက်ဒရစ် အသင်းသို့ ရောက်ရှိလာခဲ့ပြီး နည်းပြဘဝနှင့်ရော ကစားသမားဘဝမှာပါ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။ နည်းပြဆီမြူနီသည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ယူရိုပါလိဂ်ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် စပိန်စူပါဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နှစ်ကြိမ်တိုင်တိုင်ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။



နည်းပြဆီမြူနီသည် လွန်ခဲ့သည့် ၁၈ လအတွင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၎င်း၏ စာချုပ်သက်တမ်းသည် ၂၀၂၀ ခုနှစ်ရောက်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၁၈ ခုနှစ်တွင် အသင်းဟောင်း အင်တာမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဆီမြူနီသည် လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဆက်ဆံရေးကောင်းမွန်နေဆဲဖြစ်သော်လည်း မတူညီသည့်လိဂ်ပြိုင်ပွဲတစ်ခုသို့ ပြောင်းရွှေ့ရန်ပစ်မှတ်ထားလျက်ရှိသည့်အပြင် အာဂျင်တီးနားနိုင်ငံလက်ရွေးစင် အသင်းနည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ရန် မျှော်လင့်ထားသူဖြစ်သည်။

နည်းပြဆီမြူနီသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန်ပြင်ဆင်လျက်ရှိသည့်အပြင် ၎င်း၏သားဖြစ်သူ ဂျီယိုဗန်နီကလည်း ဂျီနိုအာအသင်းတွင် ကစားလျက်ရှိနေခြင်းကြောင့် အီတလီမြေတွင် ဆီမြူနီနှင့် ဂျီယိုဗန်နီတို့ ပြန်လည်ဆုံစည်းမည့် အနေအထားတွင် ရှိနေသည်။

(ငွေကြယ်)

❑

# ကွင်းလယ်လူ ဒရင့်ဝါးတားအား မန်ယူအသင်း ခေါ်ယူလို

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လက်စတာစီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားအား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူမှုအတွက် ငွေကြေးများစွာ သုံးစွဲခဲ့သော်လည်း အင်္ဂလန်ကွင်းလယ်ကစားသမား ဒရင့်ဝါးတားကို ခေါ်ယူရန်အတွက် ငွေကြေးသုံးစွဲခွင့်ရရှိထားဆဲဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြမော်ရင်ဟိုအနေဖြင့် ဒရင့်ဝါးတားအား လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဒရင့်ဝါးတားသည် မန်ချက်စတာမြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး မန်ယူက ခေါ်ယူခဲ့ပါက ဇာတိမြေတွင် ကစားခွင့်ရမည်ဖြစ်သည်။ (ငွေကြယ်)

# ချစ်တပည့်များအတွက် မှာတမ်းတစ်စောင်

မြန်ဝုဏ်ဆောင်

အချိန်များစွာကို ပေးဆပ်ပြီးရရှိလာသော ဘဝအတွေ့အကြုံ၊ မိမိပတ်ဝန်းကျင် လူသားမိတ်ဆွေများထံမှ သိခွင့်၊ သင်ကြားခွင့်ရသော တရားဓမ္မသံများက ဘဝတစ်ခုလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ဘဝမီးရှူးတန်ဆောင်၊ ဘဝဆီမီး၊ ဘဝအလှကျက်သရေတို့ပင်ဖြစ်ပေသည်။

ဘဝတက္ကသိုလ်ကြီးကိုတက်ရောက်ပြီး ဘဝအသိ၊ ဘဝသင်ခန်းစာများကို ပြဋ္ဌာန်းချက်မရှိဘဲ သင်ယူကျက်မှတ်ခဲ့ရသောအချိန်များကိုလည်း ကျော်လွှားလွန်မြောက်ခဲ့ပါပြီကော။

မိမိဘဝတစ်ခုလုံး၏ ကုန်လွန်ခဲ့ရသောအချိန်၊ အတွေ့အကြုံ၊ ကျော်လွှားဖြတ်သန်းမှုများအရ ဘဝခရီးတစ်လျှောက် ကျန်ရှိနေသည့်အချိန်တို၊ ကာလတိုလေးအတွက် အရေးအကြီးဆုံးလုပ်ဆောင်ရမည့် အလုပ်က ဓမ္မအလုပ်၊ တရားအလုပ်၊ ခိုနားမှီတွယ်ရမည့် နေရာက ဓမ္မရိပ်သာ၊ တရားရိပ်သာ။

ဘဝနေညိုချိန်မှာ အလှဆုံးဘဝခြင်းလုံးကလေးကို မြေသို့မထိစေဘဲ အကောင်းဆုံး၊ အလှဆုံး၊ အပီပြင်ဆုံး ခတ်ပြရမည့်အလုပ်က တရားထိုင်ခြင်း၊ တရားမှတ်ခြင်း၊ တရားဓမ္မနှင့်မွေ့လျော်ခြင်းသာပါ။

အမှန်တကယ်စိတ်၏ငြိမ်းချမ်းမှု ဝိမုတ္တိဓမ္မရသကို တရားဓမ္မဖြင့်သာ ရယူပိုက်ထွေးနိုင်ပါသည်။ ဝိပဿနာဘာဝနာများပွားများအားထုတ်ခြင်းဖြင့်သာ မိမိတို့တောင့်တမျှော်မှန်းရာ မြတ်နိဗ္ဗာန်ကို အရောက်လှမ်းနိုင်မှာပါ။

အရွယ်က ဘဝတစ်ဆစ်ချိုး အကွေ့အဝိုက် အတိမ်းအစောင်းမှာ ကာလသုံးဖြာပိုင်းခြားနိုင်သည်။ ပထမအရွယ် ပညာရှာမှီးခဲ့ကြရပြီ။ ဒုတိယအရွယ် ဥစ္စာလည်းစုဆောင်းခဲ့ကြရပြီ။ ယခု တတိယအရွယ် နောက်ဆုံး ဘဝကားလိပ်ချခါနီး ကာလတိုလေးအတွင်းမှာ ဘဝတစ်ခုလုံး၏အတိမ်းအစောင်း၊ အဆင်းအတက်၊ အနိမ့်အမြင့်တို့ကို သိရှိခံယူထားပြီးဖြစ်သည်။ ပေးဆပ်မှုများစွာဖြင့် ရယူပိုက်ထွေးနေသော ဘဝအသိ၊ ဘဝအမြင်၊ ဘဝအတွေး၊ ဘဝရည်မှန်းချက်များကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။

လူ့ဘဝကို နှစ်တစ်ရာသက်တမ်းတိုကာလတွင် အတိမ်းအစောင်း၊ အဆင်းအတက်၊ အနိမ့်အမြင့်များကို ရင်မဆိုင်ရသူဟူ၍မရှိကြပါ။ လောကဓံတရားကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရင်ဆိုင်ကျော်လွှားဖြတ်သန်းရစမြဲပါ။

ဘဝတစ်ခုကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းရာဝယ် တည်ငြိမ်သောစိတ်ဓာတ်၊ ကြံ့ခိုင်သောကိုယ်၊ ကျန်းမာသောရုပ်ကို ပိုင်ဆိုင်ကြအောင်။

အရွယ်နှင့်အမျှ ရင့်ကျက်မှုလိုသည်။ ကြံ့ခိုင်ဖို့လိုသည်။ ကျန်းမာရေးအတွက် ရုပ်ကိုပြုပြင်ကြရသည်။ စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် မနောအသိကို ပြုပြင်ကြရသည်။

စိတ်လှုပ်ရှားတိုင်း ဗျာပါဒ၊ သောကဝေဒနာများကို မျှဝေခံစားကြရသည်။ မိမိစိတ်ကို တည်ငြိမ်ရင့်ကျက်အောင် ဓမ္မအသိဖြင့် ပြုပြင်ရယူပိုက်ထွေး ကြရသည်။ သတိ၊ ဝီရိယ၊ ပညာဉာဏ်စွမ်းအား ဘဝကို အနိုင်ယူကြရမည်။ လောကဓံကိုကြံ့ခိုင်အောင် တည်ဆောက်ကြရမည်။

ဓမ္မအသိ၊ တရားအမြင်ကို လက်ကိုင်တောင်ဝှေးပမာဆုပ်ကိုင်နိုင်လျှင် သက်ရှည်ကျန်းမာစွာ၊ ဘဝကို ငြိမ်းချမ်းစွာ အဆုံးသတ်နိုင်မှာပါ။ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာများက မိမိကိုခြံရံထားမှာပါ။

အသက်က တစ်နေ့ထက်တစ်နေ့ ကြီးလာကြသည်။ ခြောက်တစ်ခြောက် ကျော်လွှားဖို့ (၆)နှစ်လည်း ပြည့်ခဲ့ပြီ။ ခြောက်နှစ်ခြောက်ကျော်လွှားဖို့ (၆၆)နှစ်လည်း ပြည့်ခဲ့ပြီ။

"မနေ့ကလို၊ စိတ်နုပျိုရွှယ်၊ အိုတယ်မရှိ၊ ငယ်သည့်မှတ်ဉာဏ်၊ ရင့်သန်ကိန်းအောင်း၊ ငယ်ကကျောင်းလို၊ ပေါင်းသင်းငယ်ဖော်၊ ပြန်ဆုံပျော်ခိုက်၊ အူလှိုက်သည်းဖို၊ ကြည်နူးလိုသည်၊ 'အို'သည့်စကား၊ ဘေးဖယ်ထားချင်ကြသည်။

ရုပ်၏ဖောက်ပြန်အိုမင်းမှုကို နည်းပညာများစွာ ဖြင့်ကုစားကြသည်။ စိတ်မနော၏ ဖောက်ပြန်ပြောင်းလဲမှုကို တရားဓမ္မဖြင့် ကုစားကြရမည်။

သက်ကြီးရွယ်အို (Senior Citizen) များကို အနောက်နိုင်ငံမှာ အသိအမှတ်ပြု နေရာပေးနေသည်။ အရိုအသေပြုနေသည်။

တန်ဖိုးရှိသော လူ့လောက လူ့ဘဝတာတွင် အတိတ်ကံကြောင့် ရှည်ကြာရပ်တည်နိုင်သည်။ ဖြတ်သန်းကျော်လွှားမှုအချိန်အလိုက် မိမိပြုနိုင်စွမ်းသော လူသားအကျိုးပြု လူ့စွမ်းအားစုများ၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးတို့ကို ပြန်လည်သုံးသပ်ကြဖို့လိုသည်။ မိမိပြုမူဆောင်ရွက်ခဲ့သောကိစ္စ၊ မိမိအလုပ်ကံကို မိမိသာအသိဆုံးဖြစ်သည်။ ဆက်လက်ဆောင်ရွက်ရမည့် အကျိုးတရားကို အတတ်နိုင်ဆုံး ပုံဖော်ထုဆစ်ကြရမည်။ ဘဝအလှတရားများကိုသာ ဖော်ဆောင်ကြရမည်။

မိမိစိတ်သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အကုသိုလ်စိတ်မည်း၊ စိတ်ဆိုး၊ စိတ်ညစ်များ မကပ်ငြိ မဖုံးလွှမ်းစေအောင် 'အသိဓမ္မ' ဖြင့်သာ ခဝါချ၍ ဖြူစင်အောင်ဆောင်ရွက်ကြရပေမည်။ မြတ်သော သေခြင်းဖြင့်သာ ဘဝကူးကောင်းအောင် ပြင်ဆင်ထားရပေမည်။

တမလွန်ဘဝကို ရည်မှန်းထုဆစ်ရာတွင် ကုသိုလ်ဖြင့်သယ်ဆောင်နိုင်ပါမှ ဘဝကူးကောင်းနိုင်မည်။ အကုသိုလ်ဖြင့်သယ်ဆောင်ပါက ဘဝကူးနုံချာချို့တဲ့ပေမည်။ လူ့ဘဝတစ်ခုတွင် ကုသိုလ်သည် မှန်စွာပဓာန၊ တစ်ယောက်တည်းလည်း ကုသိုလ်ပဲ၊ အမြဲတိုးစေရမည်။ အများနှင့်ယှဉ်တွဲ၊ ကုသိုလ်ပဲ အမြဲပွားစေရမည်သာ ဖြစ်သည်။ စောင့်စည်းအပ်သော ကျင့်ဝတ်သိက္ခာများကို စောင့်စည်းကြရပေမည်။

ခန္ဓာရလာသောဘဝတွင် သတ္တဝါတိုင်းက ရှောင်လွှဲမရနိုင်သော အိုခြင်း၊ နာခြင်း၊ သေခြင်းသဘာဝဘေးဆိုးကြီးကို ရင်ဆိုင်ရစမြဲဓမ္မတာဖြစ်သည်။ ထို့ကြောင့် ဘဝနေ မဝင်ခင် အထုပ်အပိုးပြင်ကြရပေမည်။ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်တရားအထုပ်အပိုးကို ပွားများအားထုတ် ပြင်ဆင်ရပေမည်။

မကောင်းတာ ရှောင်၊ ကောင်းတာ ဆောင်၊ ဖြူစင်အောင်စိတ်ထားပြီး ခန္ဓာလှေတွင် ရိက္ခာတင်၍ ဒါန၊ သီလ၊ ဘာဝနာ အရေးသုံးပါးကို ကျင့်ကြံပွားများရပေမည်။ ယခုဘဝထက် မနိမ့်ကျသော၊ ပိုမိုကောင်းမွန်သော၊ မြင့်မြတ်သောဘဝသို့ရောက်အောင် ကြိုးစားမှုတွင် ဉစ္စာရင်လို ဉစ္စာရင်ခဲရပေမည်။

ဘဝတွင် အပြစ်ကိုကြောက်တတ်ပါမှ အပြစ်ကိုလွန်ကျူးမှုမရှိကြပါ။ သင်ကျူးလွန်သည့် မည်သည့်ဒုစရိုက်သည် ငယ်လွန်းသည်ဟု မယူဆသင့်သကဲ့သို့ သင်ပြုလုပ်မည့် မည်သည့်သုစရိုက်သည် ငယ်လွန်းသည်ဟု မယူဆသင့်ပေ။

(Think no vice so small that you may commit it, and no virtue so small that you may over look it.)

ဘဝများအတွက် ပေးဆပ်ခဲ့ရသော အချိန်၊ ငွေ၊ ရင်းနှီးမြုပ်နှံမှုများကြားမှ ရရှိလာသော နေရာလေးတစ်နေရာမှာ ရပ်တည်ပြီး ထိုင်ခုံတစ်ခုပေါ် ထိုင်ပြီး မိမိကိုယ်တိုင်က မိမိဖန်တီးတည်ဆောက်ထားသော ဝန်းကျင်တစ်ခုမှာ လူသားအားလုံးအတွက် အယုတ်အလတ် အမြတ်မရွေး ဂုဏ်ပြုနိုင်ရမည်။ ဂုဏ်ယူနိုင်ရမည်။ ပြန်လည်ပေးဆပ်နိုင်ရမည်။ ပြုစုပျိုးထောင်ပေးရမည်။

တစ်ချိန်က 'သူတစ်ပါးဖိနပ်ကိုင်ခဲ့၍ ယနေ့ သူတစ်ပါးက ကိုယ့်ကိုထီးမိုးမှု' ကို ထိုက်ထိုက်တန်တန်ခံယူပြီး ထီးရိပ်အောက်မှ ဖြတ်သန်းကျော်လွှားခဲ့ရသောဘဝဝန်းကျင်တွင် သူတစ်ပါးကိုနှိမ်လျှင် ကိုယ်လည်းနိမ့်သည်။ သူတစ်ပါးကိုမြှင့်လျှင် ကိုယ်လည်းမြင့်သည်။ ဘဝတွင် လုံးဝလေ့ကျင့်မထားသူသည် သူတစ်ပါးကို အပြစ်မြင်တတ်သည်။ တစ်ဝက်တစ်ပျက် လေ့ကျင့်ထားသူသည် ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်သည်။ အပြည့်အဝလေ့ကျင့်ထားသူသည် မည်သူ့ကိုမျှအပြစ်မမြင်တတ်ကြပေ။

လူ့ဘဝတိုလေးတစ်ခုအတွင်း၌ ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် လူ့ဘဝကို အကျိုးရှိအောင်သုံးပါ။ လူ့ခန္ဓာကိုယ်၏ ရခိုက်လူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင်သုံးပါ။ လူ့အသိဉာဏ်ကိုရခိုက် လူ့အသိဉာဏ်ကိုအကျိုးရှိအောင်သုံးပါ။ လူ့အင်အားကိုရခိုက် လူ့အင်အားကို အကျိုးရှိအောင်သုံးပါ။ လူ့စည်းစိမ်းကိုရခိုက် လူ့စည်းစိမ်ကိုအကျိုးရှိအောင်သုံးပါ။

'ဘဝ၊ ခန္ဓာကိုယ်၊ အသိဉာဏ်၊ အင်အား၊ စည်းစိမ်' တို့ကို အလေးထားအသုံးပြုရန် စစ်ကိုင်းတောင်ရိုး၊ ဇီဝိတဒါန သံဃဆေးရုံဦးဆောင်ဆရာတော် ဘဒ္ဒန္တလက္ခဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က မိန့်ဆိုခဲ့သည်။

အတိတ်များက ကျန်ခဲ့ရပြီ။ အနာဂတ်ကလည်း မရေရာ။ ထို့ကြောင့် သေချာရေရာသော၊ ဖန်တီးပိုင်ခွင့်ရှိသော ပစ္စုပ္ပန်ကာလတွင် လောကီ၊ လောကုတ္တရာအကျိုးနှစ်ဖြာကို နေ့စဉ်ဆောင်ရွက်ဖို့လိုသည်။

အလုပ်လုပ်ခြင်း(ကံ)၊ စဉ်းစားဝေဖန်ခြင်း(ဉာဏ်)၊ ကြိုးစားအားထုတ်ခြင်း(ဝီရိယ)ကို ဇောင်းပေး ကြိုးကုပ်ဖို့လိုသည်။ ဘဝတစ်လျှောက်လုံးတွင် အသိနှင့်သတိကို ယှဉ်၍ အောင်မြင်မှုကို အရယူကြရပေမည်။

မြတ်ဗုဒ္ဓဟောကြားချက်အရ အရွယ်ဆယ်ပါးကို ခွဲခြား၍ လူ့ဘဝကိုကျော်လွှားခဲ့ရာ မန္ဒဒသက တစ်ဆယ်နှစ်၊ ခိဍ္ဍာဒသက နှစ်နှစ်ဆယ်၊ ဝဏ္ဏဒသက နှစ်သုံးဆယ်၊ ဗလဒသက နှစ်လေးဆယ်၊ ပညာဒသက နှစ်ငါးဆယ်၊ ဟာနိဒသက နှစ်ခြောက်ဆယ်၊ ပဗ္ဘာရဒသက နှစ်ခုနစ်ဆယ်၊ ဝင်္ကဒသ က နှစ်ရှစ်ဆယ်၊ မောမဟဒသက နှစ်ကိုးဆယ်၊ သယနဒသက နှစ်တစ်ရာတို့ကို ကျော်လွှားခဲ့ကြရသည်။

စာသင်သား တပည့်များကလည်း 4L ဆိုသော Learn, Live, Love and Legacy ကို သိရှိနားလည်ခံယူထားဖို့လိုပါသည်။

အနာဂတ် မျိုးဆက်သစ်လူငယ်များအတွက် အကောင်းဆုံးထဲကအကောင်းဆုံးကို ပြန်လည်ရုပ်လုံးဖော်ပေးရမည်။ ထုဆစ်ပေးရမည်။

ပညာအရာဖြင့် နေရာတစ်ခုကို ရပ်တည်ဆောင်ရွက်နေရာမှ တစ်နေ့နေ့ တစ်ချိန်ချိန် ကျရောက်လာမည့် 'သေခြင်းတရား' လက်ဝယ်မရောက်မီ အကောင်းဆုံးသော ပရဟိတစိတ်၊ အမွန်မြတ်ဆုံးသော လူမှုအကျိုးပြုလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ရွက်ဆောင်ပေးနိုင်စွမ်းသူအဖြစ် ထိုက်တန်စွာခံယူပေးကြပါ။

ချစ်တပည့်များသည် အချိန်နှင့်လိုက်ဖက်ညီထွေစွာ လူကြီးနေရာ၊ ခေါင်းဆောင်နေရာသို့ မလွဲမသွေ ဝင်ဆံ့ကြရမည်။ ခေါင်းဆောင်တာဝန်ယူမည့်သူများဖြစ်၍ မိမိကိုယ်ကို အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် ရယူပိုက်ထွေးရန်လိုသည်။

ကိုယ်တိုင်ကလည်း ခေါင်းဆောင်အရည်အချင်း၊ ခေါင်းဆောင်အရည်အသွေး၊ ခေါင်းဆောင် စိတ်ဓာတ် ပိုမိုထက်မြက်အောင် နိစ္စဓူဝ ကြိုးစားလုပ်ဆောင်ဖို့သင့်ပါပြီ။

မြန်မာမှုနယ်ပယ် မြန်မာ့ထုံးဓလေ့တွင် စာပေအရာဖြင့် မှတ်သားပြုစုထားသော ခေါင်းဆောင်အင်္ဂါရပ်၊ ခေါင်းဆောင်စိတ်တို့၏ ပေ၊ စံနှုန်းတို့က ဗလင်္ဂါးတန်၊ နာယကဂုဏ်ခြောက်ပါး၊ သင်္ဂဟတရားလေးပါး၊ အဂတိတရားလေးပါး၊ နာယကပုဂ္ဂိုလ်၏အသိဉာဏ်ငါးပါး၊ အမတ်ကြီးတို့ပြည့်စုံရမည့်ဂုဏ်အင်္ဂါရှစ်ပါး၊ မင်္ဂလာတရားတော်လာ အဆုံးအမများက ဝန်းရံထားသည်။

ရှေးပညာရှင်များက တွေးခေါ်ကြံဆမှုမှပေါက်ဖွားလာသော စာကောင်းပေမွန် မှတ်ဖွယ်ရာများဖြစ်၍ မီးမောင်းထိုးပြချင်သည်။ ယနေ့လူငယ်အများစုသည် ဆုံးမစာများဖြင့် အလှမ်းဝေးနေသေးသည်။

ခေါင်းဆောင်ကောင်းဖြစ်ချင်သူတိုင်း လိုက်နာကျင့်သုံးရမည့်၊ ခေါင်းဆောင်တစ်ဦးချင်းတွင်ရှိရမည့် အားငါးရပ်၊ ဗလင်္ဂါးတန်မှာ ကာယဗလ-ကာယအင်အားနှင့်ပြီးပြည့်စုံခြင်း၊ ဉာဏဗလ-ဉာဏအင်အားနှင့်ပြီးပြည့်စုံခြင်း၊ မိတ္တဗလ-မိတ်ဆွေအပေါင်းအသင်းအင်အားနှင့်ပြည့်စုံခြင်း၊ စာရိတ္တဗလ-ခိုင်ခန့်သောအကျင့်စာရိတ္တနှင့် ပြီးပြည့်စုံခြင်း၊ ဘောဂဗလ-ပစ္စည်းဉစ္စာပေါများပြည့်စုံခြင်းတို့ဖြစ်သည်။

နာယကဂုဏ်ခြောက်ပါးမှာ ခမာ-မြေကြီးကဲ့သို့သည်းခံခြင်း၊ ဇာဂရိယ-နိုးကြားခြင်း၊ ခုဋ္ဌာန-ငယ်သားတို့ထက်တက်ကြွလုံ့လရှိခြင်း၊ သံဝိဘာဂ-ဝေဖန်ခွဲခြားနိုင်ခြင်း၊ ဒယာ-သနားချစ်ခင်ကြင်နာခြင်း၊ ဣက္ခဏာ-ပညာရှိတို့ကိုဆွေးနွေးမေးမြန်းခြင်းတို့ဖြစ်သည်။

သင်္ဂဟတရားလေးပါးမှာ ဒါန-ပေးကမ်းစွန့်ကြဲခြင်း၊ ပေယျဝဇ္ဇ-ချစ်ဖွယ်စကားဆိုခြင်း၊ အတ္ထစရိယ-သူတစ်ပါးအကျိုးစီးပွားကိုဆောင်ခြင်း၊ သမာနတ္တတာ-ကိုယ်နှင့်တစ်တန်းတစ်စားတည်းထား၍ ပေါင်းသင်းဆက်ဆံခြင်းတို့ဖြစ်သည်။

အဂတိတရားလေးပါးမှာ ဆန္ဒာဂတိ-ချစ်သဖြင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဒေါသာဂတိ-အမျက်ဒေါသကြောင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဘယာဂတိ-ကြောက်ရွံ့သဖြင့် တစ်ဖက်သတ်စီရင်ခြင်း၊ မောဟာဂတိ-တွေဝေခြင်းကြောင့်တစ်ဖက်သတ်စီရင်ခြင်းတို့ဖြစ်သည်။

နာယကပုဂ္ဂိုလ်၏ အသိဉာဏ်ငါးပါးမှာ အတ္တညူ-အကျိုးစီးပွားရှိ-မရှိသိခြင်း၊ ဓမ္မညူ-တရားနှင့်ညီမညီကိုသိခြင်း၊ မတ္တညူ-အတိုင်းအရှည်ကိုသိခြင်း၊ ကာလညူ-အချိန်အခါသင့် မသင့်ကိုသိခြင်း၊ ပရိသညူ-ပရိသတ်လူထု၏စိတ်ထားကိုသိခြင်းတို့ဖြစ်သည်။

အမတ်ကြီးတို့ပြည့်စုံရမည့် ဂုဏ်အင်္ဂါရှစ်ပါးမှာ ဗဟုသုတတော-အမြင်အကြားများခြင်း၊ သီလဝန္တော-သီတင်းသီလရှိခြင်း၊ သူရော-ရဲစွမ်းသတ္တိရှိခြင်း၊ ဗဟုတကော-လုံ့လထကြွရှိခြင်း၊ အက္ခရိခေါ-မှုခင်းကိစ္စပြီးမြောက်ရေးကို စစ်ဆေးလေ့လာခြင်း၊ ဗလစရိရော-ကိုယ်အားဉာဏ်အား ဗလနှစ်ပါးဖြင့်ပြည့်စုံခြင်း၊ မိတိမာ-အဂတိတရား လေးပါးမလိုက်စားခြင်း၊ ဝိယုဝိလာသော-ခန့်ညားရိုသေဖွယ်သော ရုပ်ဆင်းအင်္ဂါရှိခြင်းတို့ဖြစ်သည်။

မင်္ဂလာတရားတော်လာ အဆုံးအမများမှာ သူမိုက်ကိုမမှီဝဲ မဆည်းကပ်ခြင်း၊ ပညာရှိကိုမှီဝဲဆည်းကပ်ပူဇော်ခြင်း၊ မိမိကိုယ်ကိုကောင်းစွာထိန်းသိမ်းတည်ဆောက်ခြင်း၊ အကြားအမြင်ဗဟုသုတရှိခြင်း၊ ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးအောင်ဆုံးမတတ်ခြင်း၊ ကောင်းသောစကားကိုဆိုခြင်း၊ မည်သူ့ကိုမျှမထိခိုက်သောအလုပ်မျိုးကိုလုပ်ခြင်း၊ ရိုသေထိုက်သူကိုရိုသေခြင်း၊ မိမိကိုယ်ကိုမောက်မာမှုမပြုဘဲနှိမ့်ချခြင်း၊ သည်းခံတတ်ခြင်း၊ သူတော်ကောင်းတို့ကဆုံးမသောစကားကို နာယူလွယ်ခြင်းတို့ပင်ဖြစ်သည်။

မြန်မာဆိုရိုးစကားတွင် 'ဆရာကောင်းတပည့် ပန်းကောင်းပန်'ဟူ၍ ရှေးစဉ်ဆက် အသက်ချင်းဆက်၍ နှုတ်ဆင့်ကမ်းခဲ့ရာ ချစ်တပည့်များအား ဆရာကောင်းတပည့်ပီပီ ပန်းကောင်းတစ်ပွင့်ကို ဆံကေသာထက်မှာ ငွားငွားစွင့်စွင့်ပန်ဆင်နိုင်ပါစေဟူ၍ . . . . .။

> အတိတ်များက ကျန်ခဲ့ရပြီ။ အနာဂတ်ကလည်း မရေရာ။ ထို့ကြောင့် သေချာရေရာသော၊ ဖန်တီးပိုင် ခွင့်ရှိသော ပစ္စုပ္ပန်ကာလတွင် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို နေ့စဉ်ဆောင်ရွက် . . .

## လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် လူမှုဖူလုံရေးအကျိုးဝင် ဒေသခံများအား ဆေးကုသပေး

**ဝါးခယ်မ စက်တင်ဘာ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ MMU (Mobile Medical Unit) လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေး အကျိုးဝင် ဝါးခယ်မမြို့နယ် ဒေသခံများအား ဆေးကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ၌ စက်တင်ဘာ ၁၉ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် လူမှုဖူလုံရေးအဖွဲ့နှင့် MMU (Mobile Medical Unit) လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်မှ အောင်ရဲခိုင် ဦးဆောင်သော ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်းကာ ဝါးခယ်မမြို့နယ်အတွင်း လူမှုဖူလုံရေး အကျိုးဝင် အာမခံအလုပ်ဌာနများမှ မှတ်ပုံတင်ထားသော အလုပ်သမားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရောဂါများ ရှာဖွေစစ်ဆေးခြင်း၊ ရောဂါဝေဒနာများအား ကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**

## စားသုံးသူအကာအကွယ်ပေးရေးဟောပြော

**ကျုံပျော် စက်တင်ဘာ ၂၁**

ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါသောအစားအစာများ၊ တာရှည်ခံဓာတုဆေးဝါးနှင့် ထုတ်လုပ်ထားသောအစားအစာများ၊ သက်တမ်းလွန်သော အစားအစာများအား သိရှိစေရန် စားသုံးသူအကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပင်လုံရပ်ကွက် မီးလောင်ရိုး အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့် ပြုလုပ်သောအစားအစာများ မစားသုံးရန်၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်သောရောဂါများ၊ စားသုံးသူ အကာကွယ်ပေးရေး ဥပဒေပါ ရရန်အခွင့်အရေးများနှင့်ပတ်သက်သည်များအား ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ကျောင်းတွင်းမုန့်ဈေးတန်း ရောင်းချနေသော မုန့်ဆိုင်များအား စစ်ဆေး၍ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# သင့်အတွက်သစ်လွင်စိတ်ကူး အောင်မြင်ကြီးပွားရေး၊ ပညာရေးစကားဝိုင်းဆွေးနွေးမည်



သင့်အတွက်သစ်လွင် စိတ်ကူးစကားဝိုင်းဆွေးနွေးပွဲအကြို စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်နေစဉ်။

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော Smart Idea For You သင့်အတွက် စိတ်ကူး အောင်မြင်ကြီးပွားရေး၊ လူငယ်နှင့်ပညာရေးစကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်တွင် မန္တလေးအမျိုးသားကဇာတ်ရုံ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သင့်အတွက် သစ်လွင်စိတ်ကူးဟောပြောပွဲတွင် စီးပွားရေးပညာရှင် ပါမောက္ခဒေါက်တာအေးကျော်၊ အကယ်ဒမီဆွေဇင်ထိုက်၊ ပါမောက္ခဒေါက်တာအောင်မြင့်၊ ဆားတောင်ဦးသိန်းထွန်း၊ ဦးချစ်ထွန်းဖေ၊ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)တို့က အောင်မြင်ကြီးပွားရေး၊ လူငယ်နှင့်ပညာရေးတို့ကို ဟောပြောမည်ဖြစ်ပြီး စာရေးဆရာ၊ သတင်းစာဆရာ ဦးကျော်ရင်မြင့်၊ မတင်မိုးလွင်တို့က မေးခွန်းများ မေးမြန်းပေးမည်ဖြစ်သည်။

ဟောပြောပွဲနှင့်အတူ ထိုင်းနိုင်ငံ TCC တက္ကသိုလ်က MBAဘွဲ့ကို မန္တလေးမြို့တွင် လေ့လာသင်ယူနိုင်အောင် MRCCI က စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များလည်း ရှင်းလင်းတင်ပြမည်ဖြစ်သည်။ စိတ်ဝင်စားသူများ အခမဲ့တက်ရောက်နိုင်ပြီး နေ့လယ်စာကျွေးမွေးမည်ဖြစ်ကာ ကျပ်သိန်း ၅၀ တန်ဖိုးရှိ ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများ ဖုန်း၀၂-၆၉၃၂၆ သို့ ဆက်သွယ်ပြီး MRCC တွင် တက်ရောက်ခွင့်လက်မှတ်များ ထုတ်ယူနိုင်ကြောင်း သိရသည်။

သင့်အတွက်သစ်လွင် စိတ်ကူးစကားဝိုင်းဆွေးနွေးပွဲအကြို စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## ဝါးလက်မှုပစ္စည်းများ ဒေသအနံ့အပြားသို့ တင်ပို့ရောင်းချ

**မန္တလေး စက်တင်ဘာ ၂၁**

ဝါးဖြင့်ပြုလုပ်သော ထမင်းအုပ်ဆောင်းတစ်ခုလျှင် ငွေကျပ် ၁၅၀၀၊ ရေအိုးဖုံးတစ်ခုငွေကျပ် ၃၀၀၊ ပြည်တောင်းတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် အခြားတောင်သူသုံးပစ္စည်းများဖြစ်သော ဆန်ခါအမျိုးမျိုး၊ တောင်း၊ ဗန်းနှင့် အခြားဝါးလက်မှုပစ္စည်းများကို ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရွာများနှင့် ပေါက်သစ်ရွာတွင် ဝါးလက်မှုပစ္စည်းမျိုးစုံကို တစ်နှစ်ပတ်လုံးရောင်းချသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေကြကြောင်း ဝါးလက်မှုပစ္စည်းရောင်းချသူတစ်ဦးလျှင် နေ့စဉ်ပျှမ်းမျှငွေကျပ် ၇၀၀၀ နှုန်း တွက်ခြေကိုက်ကြောင်း ဝါးလက်မှုပစ္စည်းရောင်းချသူတစ်ဦးက ပြောသည်။

မြန်မာလူမျိုးတို့သည် ဝါးဖြင့်ပြုလုပ်ထားသော စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် အသုံးအဆောင်များကို မြတ်နိုးစွာအသုံးပြုကြသည်။ တောင်သူသုံးပစ္စည်းများဖြစ်သည့် ဆန်ကော၊ ဆန်ခါ၊ ဗန်း၊ တောင်းများနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သော ထမင်းအုပ်ဆောင်း၊ ရေအိုးဖုံး၊ ခမောက်နှင့်တကွ ပခြုပ်များကို ဝါးဖြင့်ပြုလုပ်ကြသည်။ တောင်သူသုံးပစ္စည်းများနှင့် ဝါးလက်မှုပစ္စည်းများကို ရက်လုပ်ရာတွင် ကြသောင်းဝါး၊ တင်းဝါးတို့ကို အဓိကအသုံးပြုကြသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ သစ်ပုတ်ပင်၊ မင်းပြင်၊ ဒလက်ညွန့်၊ ရွာလု၊ ရိုးခြားနှင့် ပေါက်သစ်ရွာတို့တွင် တစ်နှစ်ပတ်လုံး ဝါးလက်မှုပစ္စည်းများကို ရက်လုပ်ကာ ဒေသအနှံ့ တင်ပို့ရောင်းချကြသည်။

ဝါးလက်မှုပစ္စည်းများ ပြုလုပ်ပါက ဝါးတစ်လုံးလျှင် ထမင်းအုပ်ဆောင်း ငါးခုခန့်ရရှိသည်။ ဝါးတစ်လုံး၏ ကာလတန်ဖိုးမှာ ငွေကျပ် ၄၀၀ ခန့်ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့သည် တစ်နှစ်ပတ်လုံး ဝါးလက်မှုပစ္စည်းများကို မိသားစုလိုက်ရက်လုပ်ကြသည်။ ရက်လုပ်ပြီး ပစ္စည်းမျိုးစုံကို ဒေသအနှံ့ ကားဖြင့် သယ်ယူကာ ဘုန်းတော်ကြီးကျောင်းများတွင် ပစ္စည်းထားပြီး တည်းခို၍ ဖြန့်ချိရောင်းချကြောင်းသိရသည်။ တစ်ခါသယ်လျှင်ငွေကျပ်သုံးသိန်းဖိုးခန့် သယ်ယူကာ ငါးရက်ခန့် အထမ်းဖြင့် လှည့်လည်ရောင်းချကြသည်။ **တိမ်တမန်**

## လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်

**ဝိုင်းမော် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆောင်မှုဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) (၄/၂၀၁၆)သင်တန်းကို ဝိုင်းမော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်)တွင် စက်တင်ဘာ ၁၉ ရက် နံနက်က စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဆန်းက လယ်သမားများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ဌာနများအနေဖြင့်သာ လုပ်ဆောင်၍မရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အားပေးရုံသာဖြစ်ကြောင်း၊ တောင်သူလယ်သမားတစ်ဦးချင်းစီမှ ရိတ်စက်၊ ထွန်စက်၊ ရေစုပ်စက် စသည့် စက်ကြီး စက်သေးများ ပိုင်ဆိုင်မှသာ စက်မှုလယ်ယာစနစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောက်ရှိနိုင်ရန် မိမိတို့သည် ထိုစက်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမှုအကြောင်းကို သိရှိရန်လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းတွင်ကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဆန်း၊ မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး၊ ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**မြို့နယ်ပြန်/ဆက်**

## အဖြူရောင်ပရဟိတအဖွဲ့က မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၂၁**

ကော့သောင်းမြို့၏ ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် အဖြူရောင်ပရဟိတအဖွဲ့က စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော် ပရိဝုဏ်အတွင်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများပေါ် အခြေပြုတည်ဆောက်ထားရာ ဘုရားပုထိုးကျောင်းကန်နှင့် လူနေအိုးအိမ်များအပါအဝင် တောင်စောင်းများတွင် တည်ဆောက်နေထိုင်ကြသဖြင့် မိုးရာသီကာလ အမြင့်ပိုင်းမှ စီးဆင်းလာသည့်ရေများမှာ ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များပိတ်ဆို့လေ့ရှိရာ ရေစီးကြောင်းပြောင်းလဲဖြစ်ပေါ်၍ အများပြည်သူသွားလာရာလမ်းများပေါ် ဖြတ်သန်းစီးဆင်းသဖြင့် လမ်းများပျက်စီးခြင်း ဖြစ်ပေါ်နေရာ လမ်းသွားလမ်းလာ၊ ယာဉ်နှင့် မြို့နေပြည်သူများ အခက်တွေ့ကြရသဖြင့် ယင်းနေ့ညနေပိုင်းက မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော် ပရိဝုဏ်အနီးရှိ အမှိုက်များပိတ်ဆို့နေသည့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့် သတ်မှတ်အမှိုက်စွန့်ပစ်ရာသို့ စွန့်ပစ်ပေးခြင်း လုပ်ငန်းများအား အဆိုပါပရဟိတအဖွဲ့က ကုသိုလ်ပြုဆောင်ရွက် ပေးကြခြင်းဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့် မီးသတ်ရေပိုက်များ ထောက်ပံ့ပေးအပ်

**တောင်တွင်းကြီး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့ပေါ်ရပ်ကွက်များရှိ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့် မီးသတ်ယာဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေပိုက်များ ပေးအပ်ထောက်ပံ့ပွဲကို စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန ရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့် မီးသတ်ယာဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေပိုက်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့သုံး အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများအား တက်ရောက်လာကြသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **၅၈၀**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ် ၁၄ တပ်ခွဲ (အင်းစိန်) တပ်ခွဲမှူး ဒုရဲမှူးစိုးမိုးလွင် ဦးစီးသောအင်အား ၄၅ ဦး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ရပ်ကွက်တာဝန်ရှိသူများသည် စက်တင်ဘာ ၁၈ ရက် နံနက်က အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားဝင်းအတွင်းရှိ အမှတ် (၂) အခြေခံညာ မူလတန်းကျောင်းဝင်းအတွင်း၊ အပြင်ရှိ ပေါင်းမြက်များ၊ အမှိုက်သရိုက်များ ရှင်းလင်း၍ ရေစီးရေလာကောင်းမွန်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ **၆၈၄**

လာလီဂါရင်ခုန်သံ-၆

# လာလီဂါမှာနိုင်ပွဲဆက်သွားဦးမယ့်ဘာစီလိုနာ

ရှိုင်း
မင်း
မင်း

လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ်(၆)ကိုလာမယ့် စက်တင်ဘာ ၂၄၊ ၂၅၊ ၂၆၊ ၂၇ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေကာ ပွဲစဉ်(၅) နဲ့နီးကပ်နေတာကြောင့် ပွဲပန်းလာနိုင်သလို ဒီပွဲစဉ်အပြီးမှာလည်းဥရောပပွဲတွေကစားရဖို့ရှိတာကြောင့် အသင်းကြီးတွေ ခြေကုန်ထုတ်နိုင်ဖို့အခက်တွေ့နိုင်ပါတယ်။

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | | |
|---|---|---|
| ကတ်စထရို(ရီးယဲလ်ဘတ်တစ်) | - | ၄ဂိုး |
| ဂရစ်ဇ်မန်း(အက်သလက်တီကို) | - | ၄ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - | ၄ဂိုး |
| ဆွာရတ်ဇ်(ဘာစီလိုနာ) | - | ၄ဂိုး |
| ဗီယက်တို(ဆီဗီလာ) | - | ၃ဂိုး |
| မိုရီနို(အက်စ်ပန်ညို) | - | ၃ဂိုး |

**ပွဲစဉ် (၄)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၄ | ၄ | ၀ | ၀ | ၁၂ | ၃ | ၉ | ၁၂ |
| ၂ | ဘာစီလိုနာ | ၄ | ၃ | ၀ | ၁ | ၁၃ | ၅ | ၈ | ၉ |
| ၃ | လက်စ်ပဲလ်မက်စ် | ၄ | ၃ | ၀ | ၁ | ၁၁ | ၅ | ၆ | ၉ |
| ၄ | အက်သလက်တီကို | ၄ | ၂ | ၂ | ၀ | ၁၀ | ၁ | ၉ | ၈ |
| ၅ | ဆီဗီလာ | ၄ | ၂ | ၂ | ၀ | ၉ | ၆ | ၃ | ၈ |
| ၆ | ဗီလာရီးယဲလ် | ၄ | ၂ | ၂ | ၀ | ၅ | ၂ | ၃ | ၈ |
| ၇ | အီဘား | ၄ | ၂ | ၁ | ၁ | ၅ | ၄ | ၁ | ၇ |
| ၈ | စပို့တင်းဂီဂျွန် | ၄ | ၂ | ၁ | ၁ | ၄ | ၇ | -၃ | ၇ |
| ၉ | အလာဗက်စ် | ၄ | ၁ | ၃ | ၀ | ၃ | ၂ | ၁ | ၆ |
| ၁၀ | ဘီဘာအို | ၄ | ၂ | ၀ | ၂ | ၄ | ၄ | ၀ | ၆ |
| ၁၁ | ဒီပို့တီဗို | ၄ | ၁ | ၂ | ၁ | ၂ | ၂ | ၀ | ၅ |
| ၁၂ | ဘက်တစ် | ၄ | ၁ | ၂ | ၁ | ၇ | ၁၀ | -၃ | ၅ |
| ၁၃ | ဆိုစီဒက် | ၄ | ၁ | ၁ | ၂ | ၄ | ၆ | -၂ | ၄ |
| ၁၄ | လီဂါနက်စ် | ၄ | ၁ | ၁ | ၂ | ၃ | ၇ | -၄ | ၄ |
| ၁၅ | မာလာဂါ | ၄ | ၀ | ၂ | ၂ | ၃ | ၆ | -၃ | ၂ |
| ၁၆ | အက်စ်ပန်ညို | ၄ | ၀ | ၂ | ၂ | ၇ | ၁၁ | -၄ | ၂ |
| ၁၇ | ဂရန်နာဒါ | ၄ | ၀ | ၂ | ၂ | ၅ | ၁၀ | -၅ | ၂ |
| ၁၈ | အိုဆာစူနာ | ၄ | ၀ | ၂ | ၂ | ၃ | ၈ | -၅ | ၂ |
| ၁၉ | ဆယ်တာဗီဂို | ၄ | ၀ | ၁ | ၃ | ၁ | ၇ | -၆ | ၁ |
| ၂၀ | ဗလင်စီယာ | ၄ | ၀ | ၀ | ၄ | ၅ | ၁၀ | -၅ | ၀ |




### ဘက်တစ် - မာလာဂါ
**နံနက် ၁း၁၅ (၂၄-၉-၁၆)**

မာလာဂါခြေစွမ်းပိုင်းက အားနည်းမှုတွေ များ နေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘက်တစ်ရဲ့အိမ်ကွင်းအားကိုထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဘက်တစ်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းပွဲဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ခံစစ်ပိုင်းကအားနည်းပေမယ့် တိုက်စစ်ပိုင်းကပိုမိုကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း ဘက်တစ်ပဲအနိုင်ရမယ်။

### ဂီဂျွန် - ဘာစီလိုနာ
**ည ၈း၄၅ (၂၄-၉-၁၆)**

ဘာစီလိုနာက ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် လာလီဂါပြိုင် ပွဲမှာ ရလဒ်ကောင်းမွန်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ လီဂါနက်စ်ကို အနိုင်ကစားခဲ့တဲ့ ဘာစီလိုနာရဲ့ခြေ စွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဂီဂျွန်ကတော့ အိမ်ကွင်းဖြစ်နေပေမယ့်လည်း ခြေစွမ်းပိုင်းကသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာပဲအနိမ့်ဆုံး နှစ်ဂိုးပြတ်အနိုင်ရမယ်။

### လက်စ်ပဲလ်မက်စ် - ရီးယဲလ်
**နံနက် ၁း၁၅ (၂၅-၉-၁၆)**

လက်စ်ပဲလ်မက်စ်ခြေစွမ်းကကောင်းမွန်မှုရှိဆဲဖြစ်ပါတယ်။ မာလာဂါကိုအနိုင်ရယူနိုင်ခဲ့သလို ခံစစ်ပိုင်းကစားပုံလည်းကောင်းမွန်ခဲ့ပါတယ်။ ရီးယဲလ်ကတော့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် လက်စ်ပဲလ်မက်စ်သာ အိမ်ကွင်းအားနဲ့ ခံကစားလာမယ်ဆိုရင် ရီးယဲလ်တို့အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရနိုင်ပါတယ်။

### အက်သလက်တီကို - ဒီပို့တီဗို
**ည ၈း၄၅ (၂၅-၉-၁၆)**

အက်သလက်တီကိုက အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိလာပါတယ်။ ဂရစ်ဇ်မန်းခြေစွမ်းပြန်လည်ပြသလာနိုင်ခဲ့တာကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမို အားကောင်းလာနေပါတယ်။ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ရှိပေမယ့်လည်း ခြေစွမ်းပိုင်းအရ အသာရနေတာကြောင့် ဒီပို့တီဗိုကို ထိန်းချုပ်ကစားနိုင်ဖို့ ရှိနေပါတယ်။ ဒီပို့တီဗိုကတော့ ခြေစွမ်းပိုင်းအရသာမန်သာရှိသလို ခံစစ်ပိုင်းကလည်း ထင်သလောက် ကျစ်လစ်မှု မရှိပါဘူး။ ဒါကြောင့်လည်း အက်သလက်တီကိုပဲနိုင်ပွဲရသွားနိုင်ပါတယ်။

### အက်စ်ပန်ညို - ဆဲလ်တာဗီဂို
**နံနက် ၁း၁၅ (၂၆-၉-၁၆)**

ဆဲလ်တာဗီဂိုက ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေပါတယ်။ တိုက်စစ်ပိုင်းကလည်း အဆုံးသတ်ပိုင်းအားနည်းမှုတွေ များနေကာ ကစားပြီးသမျှပွဲတိုင်းနိုင်ပွဲမရခဲ့ပါဘူး။ ဒါ့အပြင် ဒီပွဲကိုလည်း အဝေးကွင်းမှာ ကစားရမှာဖြစ်သလို ဒီပွဲစဉ်အပြီးမှာလည်း ယူရိုပါလိဂ် ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း အက်စ်ပန်ညိုရဲ့ခြေစွမ်း သာမန်သာရှိပေမယ့်လည်း အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

### အီဘား - ဆိုစီဒက်စ်
**ညနေ ၅း၃၀ (၂၄-၉-၁၆)**

ဆီဗီလာကို သရေခံကစားနိုင်ခဲ့တဲ့ အီဘားရဲ့ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အီဘားတို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆိုစီဒက်စ်တို့အခက်တွေ့နိုင်ပါတယ်။ ဆိုစီဒက်စ်က အသင်းလိုက်ခြေစွမ်းပိုင်း မဆိုးပေပေမယ့်လည်း တိုက်စစ်ပိုင်းက တည်ငြိမ်မှုသိပ်မရှိ ပါဘူး။ ဒါကြောင့်လည်း ဆိုစီဒက်စ်တို့ အီဘားရဲ့ ခံစစ်ကိုဖိအားပေးနိုင် ဖို့ရုန်းကန်ရမယ့်အခြေအနေမှာရှိနေပါတယ်။

### ဘီဘာအို - ဆီဗီလာ
**ည ၁၁း၀၀ (၂၄-၉-၁၆)**

အီဘားကို အနိုင်ရယူနိုင်ခြင်းမရှိခဲ့တာကြောင့် ဒီပွဲစဉ်မှာနိုင် ပွဲရယူနိုင်ဖို့အတွက် ဆီဗီလာတို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆီဗီလာအနေနဲ့ ဒီ ပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ် ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ကစားနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဘီဘာအိုကလည်း အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်လာသ လိုအိမ်ကွင်းဖြစ်တယ်။ ဆီဗီလာ သရေလောက်ပဲကစားနိုင်မယ်။

### လီဂါနက်စ် - ဗလင်စီယာ
**ညနေ ၄း၃၀ (၂၅-၉-၁၆)**

ဗလင်စီယာက ဒီပွဲစဉ်အပြီးမှာ ဥရောပပွဲမကစားရဘူးဆိုပေမယ့်လည်း လက်ရှိခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ဘီဘာအိုကို ရှုံးခဲ့ရပြီး ကစားပြီးသမျှပွဲတိုင်း ရှုံးနိမ့်ခဲ့ရကာ အမှတ်ပေးဇယား အောက်ဆုံးကိုရောက်ရှိနေပါတယ်။ လီဂါနက်စ်ကတော့ ခြေစွမ်းပိုင်း အရသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားနိုင် ဖို့ကြိုးစားသွားမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဗလင်စီယာတို့အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ဗီလာရီးယဲလ် - အိုဆာစူနာ
**ည ၁၁း၀၀ (၂၅-၉-၁၆)**

အိုဆာစူနာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရအားနည်းမှုတွေများနေကာ နိုင်ပွဲလည်း ရယူနိုင်ခြင်းမရှိသေးပါဘူး။ ဗီလာရီးယဲလ်က ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဗီလာရီးယဲလ်တို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ပေမယ့် ပွဲကိုထိန်းချုပ်နိုင်ခြေရှိနေကာ နိုင်ပွဲလည်းကပ်ရနိုင်ပါတယ်။

### အလာဗက်စ် - ဂရန်နာဒါ
**နံနက် ၁း၁၅ (၂၇-၉-၁၆)**

အလာဗက်စ်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်သလို ခံစစ်ပိုင်းကလည်း ကစားပုံ တည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင် ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဂရန်နာဒါကတော့ခြေ စွမ်းပိုင်းအားနည်းမှုတွေများနေကာ အခုအချိန်အထိနိုင်ပွဲမရသေးပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ့် အလာဗက်စ်ပဲအနိုင်ရသွားနိုင်တယ်။

## အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နိုင်ရေး ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းမျှော်လင့်

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၄)အပြီးတွင် ရမှတ် ၁၂ မှတ်ရရှိထားကာ ရှုံးပွဲမရှိစံချိန်နှင့်အတူ အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ပြီး ဇယားထိပ်တွင် ဆက်လက်ဦးဆောင်နိုင်ရေး ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက မျှော်လင့်လျက်ရှိကြောင်းသိရသည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် ကစားသမားနှစ်ဦးဖြစ်သည့် တိုက်စစ်မှူးစီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်းတို့သည် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ခြင်းကြောင့် အက်စ်ပန်ညိုအသင်းအား နိုင်ပွဲရရှိခဲ့သည့်ပွဲစဉ်တွင် လွဲချော်ခဲ့ရပြီး လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်လည်ဆင်းနေပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲစဉ်(၄)အပြီးတွင် အမှတ်ပေးဇယားထိပ်ဆုံး၌ အဆင့်(၂)နေရာမှ ဘာစီလိုနာ အသင်းကို သုံးမှတ်ဖြတ်ကာ ဦးဆောင်ထားနိုင်ခဲ့ပြီး ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ရန် အသင်းနည်းပြ ဇီဒန်းက မျှော်လင့်လျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အက်စ်ပန်ညိုအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကာ ကစားခဲ့စဉ်က အဓိကတိုက်စစ်မှူးနှစ်ဦးမပါဝင်ခဲ့သော်လည်း နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်(၆)တွင် လက်ပဲမက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ပါဝင်လာမည်ဖြစ်သောကြောင့် ယင်းပွဲစဉ်တွင် အနိုင်ရရှိရန် နည်းပြဇီဒန်းက ယုံကြည်ထားသည်။

(ငွေကြယ်)

❑

# စက်မှုစွမ်းအားနဲ့ခေတ်ကိုကျော်လွှားအောင်ဘယ်လိုလုပ်ကြမလဲ

သန်းဖြိုးနိုင်(ကညင်ကျိုး)

အစိုးရသစ်ရဲ့ ခြောက်လတာကာလကို ရောက်လာတဲ့အချိန်မှာ နိုင်ငံ့စီးပွားရေးနဲ့ဆိုင်တဲ့ အလားအလာတွေအပေါ် သုံးသပ်ကြရာမှ ထွက်ပေါ်လာတဲ့ အဖြေတွေကို ခြုံကြည့်လိုက်တဲ့အခါ အချို့သော ဝန်ကြီးဌာနတွေရဲ့ ပြည်သူ့အတွက် အကောင်အထည်ဖော်ပေးရမယ့်လုပ်ငန်းတွေ၊ နိုင်ငံတော်အတွက် နှစ်ရှည်၊ နှစ်တိုစီမံကိန်းလုပ်ငန်းတွေ အတော်များများဟာ ယနေ့အချိန်မှာ လုံးလည်ချာလည်လိုက်နေတယ်ဆိုတဲ့ သုံးသပ်ချက်တစ်ရပ် ပေါ်ထွက်လာခဲ့ပါတယ်။

ဆိုလိုတာကတော့ ဌာနဆိုင်ရာတွေအလိုက် ကျင့်သုံးနေကြတဲ့ ဥပဒေတွေရဲ့ အားနည်းချက်တွေ၊ နိုင်ငံတော်ရဲ့ နှစ်တို၊ နှစ်ရှည်စီမံကိန်း လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်တဲ့နေရာမှာ နီးနွှယ်ဆက်စပ်တဲ့ ဌာနတွေအချင်းချင်း ချိတ်ဆက်ရမယ့်ကိစ္စတွေ၊ အချို့အချို့သော စီမံကိန်းတွေဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေပေါ်ကို ရောက်နေပြီး မလူးသာ မလွန့်သာဖြစ်နေတဲ့ကိစ္စတွေ၊ ဒီအားလုံးအပေါ် အဓိကအခြေခံထားတဲ့ ငွေကြေးဘတ်ဂျက်ဆိုင်ရာ မူဝါဒအလွဲတွေ၊ နိုင်ငံတော်ရဲ့ ရငွေအပိုင်းဖြစ်တဲ့ အခွန်စနစ် မရှင်းလင်း မလွယ်မကူဖြစ်နေတာတွေ၊ ရငွေအပိုင်း လျာထားချက်ကို ပြည့်မီအောင် မကောက်ခံနိုင်သေးတာတွေ စတဲ့ စတဲ့အရာတွေကို တွေ့ရှိလာရတယ်လို့ ဒီပြောင်းလဲဖော်ဆောင်မှုမှာ ကိုယ်တိုင်ပါဝင်ကြတဲ့ အစိုးရပိုင်းတာဝန်ရှိသူ၊ မူဝါဒပိုင်းရေးရာကျွမ်းကျင်သူတွေက ဆိုလာကြပါတယ်။

ဒါတွေကိုကုစားဖို့ဆိုရင် အချိန်ကိုလုံလုံလောက်လောက် ယူကြရဦးမယ်လို့ကို ထုတ်ဖော်ပြောဆိုလာကြသလို နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်မှု ညွှန်းကိန်း (EconomicIndicator)တွေ ဘယ်လောက်မြင့်တက်၊ မြင့်တက် GDP အချိုးတွေ ဘယ်လိုပင်ထိုးတက်၊ ထိုးတက်ကိန်းဂဏန်းအချက်အလက်(DataControl) မမှန်ကန် သေးတဲ့ နိုင်ငံတစ်ခုအတွက်တော့ စိတ်ချယုံကြည်လောက်တဲ့အဆင့်ထိ ရှိမနေသေးဘူးဆိုတာကလည်း အမှန်လိုဖြစ်နေဆဲပါ။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဝန်ခံပြောကြားရမယ့် စကားတစ်ခွန်းကတော့ ယနေ့လက်ရှိ နိုင်ငံရဲ့စီးပွားရေးအနေအထားဟာ ကမ္ဘာ့အဆင့်ကို မဆိုထားဘိ၊ အာဆီယံအဆင့်ကိုလည်း မနှိုင်းယှဉ်နဲ့ဦး၊ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယားနဲ့ လာအိုတို့ရဲ့အောက်ကိုတောင် ရောက်နေခဲ့ပါပြီဆိုတာကိုပါ။

ယနေ့လက်ရှိ ဒေသတွင်းက အိမ်နီးချင်းနိုင်ငံတွေနဲ့ပဲ ယှဉ်ပြီးပြောရရင် ကမ္ဘောဒီးယားဆိုရင် ယနေ့အချိန်မှာ သူ့နိုင်ငံအတွင်းမှာ ပြင်ပက ရင်းနှီးမြှုပ်နှံမှုတွေကို များစွာသိမ်းကျုံးခေါ်ယူထားပြီး စတင်လည်ပတ်လို့ ထိုင်းကိုတောင် ယှဉ်ပြိုင်နေပြီဖြစ်ပါတယ်။ အလားတူ လာအိုနိုင်ငံဆိုရင်လည်း ထို့အတူပါပဲ။ အခုဆိုရင် လာအိုနိုင်ငံထုတ် မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းတွေတောင် ကိုယ့်နိုင်ငံရဲ့ ဈေးကွက်ထဲမှာ စတင်ရောက်ရှိ နေရာယူလာနေပါပြီ။

နိုင်ငံတစ်ခု တိုးတက်တယ်ဆိုတာ သူ့နိုင်ငံရဲ့ လယ်ယာထွက်ကုန်၊ သားငါးကဏ္ဍနဲ့ စက်မှုကဏ္ဍတွေရဲ့ ထုက်ကုန် (Products)၊ နောက် ဒီထုတ်ကုန်တွေရဲ့ အရည်အသွေးအာမခံမှု (Quality Control)၊ နောက်ဈေးကွက် (Market)နဲ့ ဒီအပေါ်မှာ သုတေသနပြု တိုင်းတာတွက်ချက်မှု (RID) စတဲ့အရာတွေအပေါ် တိုင်းတာကြည့်ရင် အကြမ်းဖျင်း မြင်နိုင်တယ်လို့ဆိုပါတယ်။ သူတို့လို ကိုယ့်အိမ်နီးနားချင်းနိုင်ငံတွေမှာ အဲ့ဒီအချက်တွေနဲ့ ပြည့်စုံလို့ ကိုယ့်နိုင်ငံကို ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုအဖြစ် ရှုမြင်ပြီး အရည်အသွေးမီမီထုတ်လုပ်၊ တင်သွင်းဖြန့်ဖြူးနေကြချိန်မှာ ကိုယ့်နိုင်ငံအတွင်းမှာတော့ စက်မှုကဏ္ဍရဲ့ အခြေအနေဟာ လုံးဝကို စုန်းစုန်းမြုပ်နေတဲ့ အခြေအနေပါ။ သူမြုပ်နေလို့ လယ်ယာထုတ်ကုန်ဘက်ကို



အားပြုကြရအောင်လည်း သူ့လည်း သူ့ဝမ်းနာ သူမှသိဆိုသလိုဖြစ်နေပြီး ဟိုဘက် သားငါးကဏ္ဍကလည်း လောက်လောက်လားလား အားကိုးလို့မရနိုင်တဲ့ အနေအထားကြားမှာ ကိုယ့်နိုင်ငံက စီးပွားရေး တိုးတက်နေပါတယ်လို့ ဘယ်အချက်ကို မူတည်ပြီး ထုတ်ဖော်တွက်ချက်ကြမလဲဆိုတာ စဉ်းစားစရာ ဖြစ်လာနေပါတယ်။

ကိုယ့်နိုင်ငံအတွင်းမှာ လက်ရှိထုတ်လုပ်နေတဲ့ ထုတ်ကုန်တွေအားလုံးရဲ့ အရည်အသွေးဟာ စံချိန်မမီသလို ကိုယ့်ပြည်တွင်းကိုတောင် လောက်ငအောင် မဖြန့်ဖြူးနိုင်သေးတာ အာဖရိကနိုင်ငံတွေက အရည်အသွေးကောင်းရင် ရသလောက်ယူမယ်လို့ ဆိုလာတာတောင် ကိုယ့်ဘက်က မထုတ်လုပ်၊ မတင်ပို့နိုင်သေးတာကို မြင်အောင်ကြည့်ကြရတော့မယ့် အချိန်ဖြစ်နေတယ်လို့လည်း ဆိုထားပါတယ်။ ဥပမာ ကင်ညာလိုနိုင်ငံမျိုးက ကိုယ့်နိုင်ငံကထွက်တဲ့ဆန်ကို ရသလောက်ယူမယ်၊ ပဲအမျိုးမျိုးကို ရသလောက်ဝယ်မယ်လို့ ကမ်းလှမ်းလာတာတောင် ကိုယ့်နိုင်ငံက မထုတ်လုပ်နိုင်သေးတာ၊ ထုတ်လုပ်တဲ့ကုန်တွေရဲ့ အရည်အသွေးက Export Quality မမီတာ၊ အရည်အသွေးမီတဲ့ဆန်၊ ပဲလေးတွေ၊ သားငါးလေးတွေကျတော့လည်း ကိုယ့်ပြည်တွင်းကနေ တရားဝင်ကုန်သွယ်မှုအနေနဲ့မသွားကြဘဲ တရားမဝင်ကုန်သွယ်မှုအနေနဲ့ ခိုးထွက်နေကြတာတွေဟာ လက်ရှိနိုင်ငံရဲ့ အမှန်တရားပါလို့လည်း တာဝန်ရှိသူတွေကိုယ်တိုင် ထုတ်ပြောလာနေခဲ့ပါပြီ။

နောက် အိမ်နီးနားချင်းနိုင်ငံတွေက ဝင်လာတဲ့ Import ကုန်ပစ္စည်း အတော်များများကလည်း သူတို့နိုင်ငံကထွက်သွားတာ ၁၀၀ ရှိတယ်ဆိုပေမယ့် တရားမဝင်တဲ့ နယ်စပ်ဂိတ်ပေါက်တွေက ကိုယ့်ဆီဝင်လာတာများတဲ့အချိန်မှာ တရားဝင်ဂိတ်ပေါက်ကဖြတ်တဲ့ပမာဏဟာ ၆၀ အထိလောက်တောင် မတက်လာဘူးဆိုတာလည်း ကြားနေရတဲ့အပြင် ဒီဝင်ပေါက်ထွက်ပေါက်တွေအပေါ် ကိုင်တွယ်ရအတော်ခက်နေဦးမယ်၊ ဥပဒေတွေဘယ်လိုရှိရှိ လုပ်ရကိုင်ရကြပ်နေဦးမယ်၊ ကိုယ့်နိုင်ငံတစ်ဝန်းလုံးကလည်း ဒီပြည်ပနိုင်ငံတွေက ဝင်လာတဲ့ သွင်းကုန်တွေအပေါ်မှာပဲ အားလုံးလိုလို မှီခိုနေကြရတယ်ဆိုတဲ့ အဖြေတစ်ရပ်ကိုလည်း တွေ့ရှိလက်ခံလာနေရပါပြီ။ ဒါတွေရဲ့ ဆိုးကျိုးကတော့ ကိုယ့်နိုင်ငံတစ်ဝန်းလုံးမှာ အန္တရာယ်ရှိတဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်တွေဟာ အတုမှန်း အစစ်မှန်းမသိရလောက်အောင် ရောပြွမ်းနေပြီး ဒါတွေကို စနစ်တကျ စစ်ဖို့ ခေတ်မီတဲ့ စက်ကိရိယာတွေမရှိဘူး။ သုံးစွဲသူတွေကိုယ်တိုင်လည်း ဘာမှန်းတောင်မသိကြဘူး။ ဈေးပေါရာ သက်သာရာကိုပဲ စီးပွားရေးကျပ်တည်းမှုရဲ့ အောက်မှာလိုက်နေကြရတယ်ဆိုတဲ့ အသံတွေလည်း မကြားချင်မှအဆုံးပါပဲ။

ကိုယ့်နိုင်ငံအတွင်းက အစိုးရဌာနဆိုင်ရာတွေရဲ့ စက်မှုလုပ်ငန်းကဏ္ဍကို ချဉ်းကပ်လေ့လာကြည့်လိုက်တဲ့အခါ ယခင်က စက်ရုံပေါင်း ၁၀၀ ကျော်ရှိခဲ့ရာကနေ ယခင်အစိုးရလက်ထက်နဲ့ ယခင်က အရှုံးပေါ်လို့ ပုဂ္ဂလိက (Private)ရောင်းပစ်လိုက်တာ၊ ဖက်စပ်လုပ်တာ (Partnership)နဲ့ အခုဆိုရင် စက်ရုံ ၄၀ ကျော်သာကျန်ရှိတော့တယ်လို့လည်း စာရင်းတွေမှာ လေ့လာခဲ့ရပါတယ်။ ဒီစက်ရုံတွေအထဲမှာ အဓိကကျတဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏများပြီး ပြီးလုပြီးခင်ဖြစ်နေတဲ့ စက်ရုံ ၃-၄ ရုံ ပါပါတယ်။ ဒီစက်ရုံတွေအနေအထားကလည်း ရင်းနှီးထားတဲ့ငွေနဲ့ စက်ရုံလည်ပတ်ရင် ပြန်လည်ရရှိလာမယ့်အကျိုး၊ ထွက်လာမယ့် ထုတ်ကုန်ရဲ့ အရည်အသွေးနဲ့ ဈေးကွက်ယှဉ်ပြိုင်မှုအရ ဘယ်လိုမှ အမြတ်အစွန်းရရှိဖို့ မဖြစ်နိုင်တာကြောင့် အထက်မှာဆိုခဲ့သလို လွှင့်ပစ်ရမှာလည်း အဆီနဲ့တဝင်းဝင်း၊ စားရမှာလည်း သဲတရှပ်ရှပ်ဆိုသလို ဖြစ်နေတယ်လို့ ဆိုပါတယ်။ နောက်ဆုံးတော့ရလဒ်က အခုလိုအချိန်မှာ အကူအညီပေးမယ်ဆိုတဲ့ စက်မှုထွန်းကားတဲ့ ကျွမ်းကျင်တဲ့ ဂျာမနီလို၊ ဂျပန်လိုနိုင်ငံက ကျွမ်းကျင်ပညာရှင်တွေကိုဖိတ်ခေါ်ပြီး ဘယ်လိုရှေ့ဆက်ရမယ်ဆိုတဲ့အဖြေကို ထုတ်ရုံမှတစ်ပါး အခြားမရှိတော့ပါဘူးတဲ့။ ဒါတွေဟာ ပကတိအခြေအနေတွေပါ။ ကျန်တဲ့စက်ရုံတွေကို လေ့လာကြည့်တဲ့အခါမှာလည်း စက်ရုံတွေပြီးလို့ လည်ပတ်ကြတော့မယ်။ ထွက်ကုန်တွေထုတ်လုပ်နေပြီ။ ဒါပေမယ့် ခက်နေတာက အရည်အသွေးကမမီ၊ ဈေးကွက်ကမရှိ။ ဒီလိုပုံနဲ့ ကိုယ့်နိုင်ငံရဲ့ တိုးတက်မှုကို အထောက်အကူပြုမယ့် စက်မှုစွမ်းအားဟာ ယနေ့ခေတ်ကို ဘယ်လိုကျော်လွှားနိုင်ပါတော့မလဲ။ အိမ်နီးချင်းပြိုင်ဘက်လို့တောင် သုံးနှုန်းခွင့်မရှိတော့တဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုတို့ကို ဘယ်လိုမီအောင်လိုက်ကြမလဲ၊ စက်မှုဝန်ကြီးဌာန တစ်ခုတည်းကပဲ ကိုယ့်မင်းကိုယ့်ချင်းနဲ့ ရှေ့ဆက်မှာလား။ ကျန်စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွေနဲ့ ပေါင်းပြီး မဆောင်ရွက်ကြတော့ဘူးလား။ ဒါဆိုရင် သူ့ဌာနနဲ့သူ ဆိုင်တဲ့ဥပဒေတွေရဲ့ ပြဋ္ဌာန်းချက်တွေက ရောထွေးယှက်တင်ဖြစ်ပြီး Conflict တွေဖြစ်မနေဘူးလား။ ဘယ်ဌာနကတိုးလို့ ဘယ်ဌာနကလျှော့မှာလဲဆိုတဲ့ ဆန်းစစ်ချက်တွေကအပေါ်က သုံးနှုန်းခဲ့တဲ့ လုံးလည်ချာလည်ဖြစ်နေတယ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို ဖော်ယူဖို့ ခပ်ရေးရေးတော့ နိမိတ်ပြလာနိုင်ပြီထင်ပါတယ်။ ယခင့်ယခင်ကာလများဆီက စက်မှုစွမ်းအား ခေတ်ကျော်လွှားလို့ဆိုတဲ့ ဆောင်ပုဒ်ကိုတွင်တွင်ဆုပ်ကိုင်ရင်း ဘယ်နှစ်မှာဘာပြီးရမယ်။ ဘယ်လောက်ထွက်ရမယ်ဆိုတာကိုပဲ အာရုံပြုခဲ့ကြတဲ့ဆိုးကျိုးကတော့ အရည်အသွေးနဲ့ ဈေးကွက် လျော့ကျပျောက်ဆုံးခဲ့ရခြင်းဖြစ်သလို စက်ရုံမှန်သမျှ အရှုံးပေါ်ကိုပေါ်စေရမယ်ဆိုတဲ့ မူဝါဒ အယူအဆအမှားတစ်ခုအတွက် အခုအချိန်မှာ စက်မှုကဏ္ဍဟာ သုညအမှတ်ကို ထိုးကျသွားစေတော့တာပါပဲ။

ရလဒ်ကတော့ စက်မှုပညာရှင်တွေ (HR)၊ နည်းပညာ (Technical)တွေ လုံးပါးပါးလို့ မရှိတော့သလောက်ကို ဖြစ်သွားခဲ့ကြရတယ်။ စက်မှုဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်တွေ မကြာမီကွယ်ပျောက်သွားတော့မယ်။ မတိကျမခိုင်မာတဲ့ ကိန်းဂဏန်းအချက်အလက်တွေ၊ ဖောင်းပွနေတဲ့ တန်ဖိုးတွက်ချက်သတ်မှတ်မှု ငွေကြေးတွေအကြားမှာ အစိုးရသစ်အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု အနေနဲ့ နောင်ဘယ်နှစ်နှစ်လောက်အထိ အချိန်ယူပြီး ပြန်လည်တည်ဆောက်ပေးမှ ရမယ်ဆိုတာတွေကို မခန့်မှန်းမိနိုင်လောက်အောင်ပါပဲ။

အနှစ်ချုပ်အားဖြင့် လက်ရှိအစိုးရသစ်ကာလမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ အခြားကဏ္ဍပေါင်းစုံ၊ ဝန်ကြီးဌာနတစ်ခုချင်းစီက အဖြစ်သနစ်တွေ၊ ဌာနတွေအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ဖို့ လိုနေတာတွေ၊ နီးနွှယ်ဆက်စပ်တဲ့ ဥပဒေတွေမှာ တစ်ဌာနကိုတစ်မျိုးဖြစ်နေတာတွေကို ပြင်ဆင်ညှိနှိုင်း ပြန်လည်ရေးဆွဲကြရမယ့်အရာတွေ စတဲ့ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို ပြည်သူတွေအမှန်အတိုင်းသိဖို့ ချပြပြီး အကြံဉာဏ်တွေ တောင်းကြရတော့မယ့်အချိန် ရောက်နေပါပြီ။

ဒီလိုမှမဟုတ်ဘဲ ဖောင်းပွနေတဲ့ ကိန်းဂဏန်းတွေ၊ မအောင်မြင်သေးတဲ့ စီမံကိန်းတွေကိုပဲ မစားရဝခမန်းပြောနေကြမယ်၊ ဌာနတွေအလိုက် မပြောင်းလဲဘဲ ယခင်အတိုင်း လမ်းဟောင်းကြီးအတိုင်းပဲ ဘယ်လိုတိုးတက်နေပြီ၊ ဘယ်လိုအောင်မြင်နေပြီဆိုတဲ့ သတင်းမျိုးစုံကိုပဲ အနေအစားမပျက် ဆက်ပြောနေကြမယ်။ ဒီအပေါ်မှာ ပြည်သူတွေအနေနဲ့လည်း အော် ငါတို့နိုင်ငံကြီး တိုးတက်လာနေပြီ၊ ငါတို့ဘာဖြစ်နေပြီဆိုတာမျိုး မလိုလားအပ်တဲ့ အတွေးမျိုးတွေနဲ့ ကျေနပ်နှစ်သိမ့်နေကြခြင်းမျိုးတွေဟာ ကိုယ့်နိုင်ငံနဲ့ ကိုယ်တင်မြှောက်ထားတဲ့ အစိုးရကို ကိုယ်ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားစေမှာကို စိုးကြောက်လှတာဖြစ်တဲ့အတွက် ဒီလိုပြောရခြင်းဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။

# ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် ကယားပြည်နယ် လွှတ်တော်၊ အစိုးရအဖွဲ့တို့၏ လုပ်ငန်းခွင်ဆွေးနွေးပွဲ အခမ်းအနား လွိုင်ကော်မြို့၌ပြုလုပ်

**လွိုင်ကော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ကယားပြည်နယ်လွှတ်တော်၊ အစိုးရအဖွဲ့တို့၏ လုပ်ငန်းခွင်ဆွေးနွေးပွဲ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ဆိုက အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာစံရွှေအောင်က နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ အစိုးရအဖွဲ့များ၊ လွှတ်တော်များနှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာများအား အပြန်အလှန်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

## တိုင်းရင်းဆေးဖြင့် ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်းများဆောင်ရွက်

**သရက်ချောင်း စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက မြို့နယ်တိုင်းရင်းဆေးကုဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်တိုင်းရင်းဆေးကုသရေးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်မြင့်က တိုင်းရင်းဆေးမြီးတိုများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာခိုင်က မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ ကုသရသည့်ရောဂါအများစုမှာ ဒူးနာ၊ ခါးနာ၊ ထုံကျင်၊ အကြောတက်၊ နှလုံးအားနည်းခြင်း၊ အရေပြားရောဂါ စသည့်ဝေဒနာရှင်များကို ကုသပေးခဲ့ရပြီး လာရောက်စမ်းသပ်ကုသသည့် ရောဂါဝေဒနာရှင် ၇၁ ဦးရှိကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## သီတင်းကျွတ်မီးထွန်းပွဲအတွက် ဆီမီးခွက်များကိုအလှဆင်ကာ တွင်ကျယ်စွာပြုလုပ်ရောင်းချ

**မန္တလေး စက်တင်ဘာ ၂၁**

သီတင်းကျွတ်လတွင် ကျွမ်းကျင်ရာ လက်မှုအတတ်ပညာများဖြင့် ရာသီစာအဖြစ် ရိုးရာမီးပုံးများ၊ အရုပ်များကို ပြုလုပ်ရောင်းချလျက်ရှိသည်။ သီတင်းကျွတ်မီးထွန်းပွဲအတွက် တော်သလင်းလဆန်းမှစကာ မီးပုံးများနှင့် အခြားပစ္စည်းများကို ပြုလုပ်ရောင်းချကြသည်။ ထိုအထဲတွင် တပ်ကြီးရွာထွက် ဆီမီးခွက်များကိုလည်း အသွင်ဆန်းသစ်အောင် အလှဆင်ရောင်းချလျက်ရှိသည်။

တပ်ကြီးရွာမှ ဆီမီးခွက်များကို သောင်းချီဝယ်ယူကာ မန္တလေးမြို့ပေါ်တွင် ဆီစိမ်ရောင်စုံစက္ကူဖြင့် အလှဆင်ရောင်းချကြသည်။

ဆီမီးခွက်များကို အလှဆင်ရန်အတွက် ရောင်စုံစက္ကူကလေးများကို ကြာပန်းပုံညှပ်ပေးထားရသည်။ စက္ကူကပ်ရန်အတွက် သာကူဖြင့်ကော်ကြိုထားရသည်။ ကြာပန်းပုံ ဆီစိမ်ရောင်စုံစက္ကူငါးခုကို ကော်ဖြင့်တွဲစပ်ပြီး ဆီမီးခွက်ကို ကြာပန်းအတွင်းထည့်ကာ ကပ်ပြီး အလှဆင်ရောင်းချကြသည်။ ရိုးရှင်းပြီး အမြင်ဆန်းသည့်အတွက် နှစ်စဉ်သီတင်းကျွတ်မီးထွန်းပွဲမတိုင်မီ တွင်ကျယ်စွာရောင်းချရပြီး လူကြိုက်များကြောင်း သိရသည်။

ကြာပန်းပုံသဏ္ဌာန် ရောင်စုံစက္ကူဖြင့်အလှဆင်ထားသော ဆီမီးခွက်တစ်ခွက်လျှင် ငွေကျပ် ၇၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေး ဆွေးနွေးပွဲ မလှိုင်မြို့၌ကျင်းပ

**မလှိုင် စက်တင်ဘာ ၂၁**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက မလှိုင်မြို့နယ် ရုံးတောကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်မိမိလှိုင်က မြေဩဇာဥပဒေအကြောင်းနှင့် မြေဩဇာသုံးစွဲနည်းစနစ်ကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ပိုးမွှားတာဝန်ခံ ဒေါ်အေးအေးမြင့်က ပိုးသတ်ဆေးဥပဒေအကြောင်းနှင့် ပိုးသတ်ဆေး ကိုင်တွယ်အသုံးပြုနည်းကို ပညာပေးဆွေးနွေးခဲ့သည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဝင်းက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဒေါ်အေးသန်းက ဝါစိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုက သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်များ၊ အထွက်နှုန်းလျော့နည်းရခြင်းအကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ သိလိုသည့် မေးမြန်းချက်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ ရုံးတောကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူ ၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# တောင်သူများ သုံးလမြေပဲ (ခေါ်) ပင်ထောင်မြေပဲများစတင် နုတ်သိမ်းနေပြီဖြစ်၍ အငှားလိုက်သူများ စီးပွားရေးအဆင်ပြေ



**ငါ့သရောက် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် တောင်သူများ သုံးလမြေပဲ(ခေါ်)ပင်ထောင်မြေပဲများ စတင်နုတ်သိမ်းနေကြပြီဖြစ်ရာ အဆိုပါ သုံးလမြေပဲ(ခေါ်)ပင်ထောင်မြေပဲများမှာ ငါ့သရောက်မြို့နယ်တွင် ဩဂုတ်လအတွင်းက အဆက်မပြတ် ရွာသွန်းခဲ့သည့်မိုးကြောင့် အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ မြေပဲအထွက်နှုန်းကောင်းမွန်စွာ ရရှိခဲ့ကြကြောင်း ငါ့သရောက်မြို့နယ် ဗြူကြီးကျေးရွာမှ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ သုံးလမြေပဲ(ခေါ်)ပင်ထောင်မြေပဲခင်းတွေ စတင်နုတ်သိမ်းနေကြပါပြီ။ ဒီနှစ်က ကျွန်တော်တို့ ငါ့သရောက်မြို့နယ်က တောင်သူတွေ နှမ်းတုန်းက မိုးခေါင်လို့ သီးနှံစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့လို့ တောင်သူတွေအရှုံးပေါ်ခဲ့ပေမယ့် အခု သုံးလမြေပဲ(ခေါ်)ပင်ထောင်မြေပဲခင်းတွေကတော့ ဩဂုတ်လတုန်းက မိုးအဆက်မပြတ်ရွာသွန်းပေးခဲ့မှုကြောင့် အောင်မြင်ဖြစ်ထွန်းပြီး မြေပဲအထွက်နှုန်းတွေကောင်းမွန်ကြပါတယ်။ ဒါပေမယ့် မြေပဲဈေးနှုန်းကမကောင်းတော့ တောင်သူတွေ အကျိုးအမြတ်တော့ နည်းပါတယ်။ မြေပဲဈေးနှုန်းကတော့ အခုလတ်တလော ကျောက်ပန်းတောင်းမြို့က ပဲကုန်သည်တွေ ဝယ်ယူတဲ့ဈေးနှုန်းပြောရမယ်ဆိုရင် သုံးလမြေပဲ အချိန်တစ်ပိဿာကို ငွေကျပ် ၅၂၀ ခန့် ဝယ်ယူနေပြီး မြေပဲစိုတစ်တင်းကို ပိဿာချိန်နဲ့တွက်ရင် ၁၁ ပိဿာခန့်အထိ ထွက်ရှိတာကြောင့် သုံးလမြေပဲအစိုတစ်တင်းကို ငွေကျပ် ၅၇၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒါ့အပြင် အခုလို သုံးလမြေပဲခင်းတွေ နုတ်သိမ်းနေတဲ့အချိန်မှာ နေ့စား ပဲနုတ်ပဲဆွတ်လိုက်တဲ့ အငှားသမားတွေအတွက် တစ်နေ့ကုန်ငှားရမ်းခငွေကျပ် ၃၀၀၀ ပုံမှန်ဝင်ငွေရှိနေတာကြောင့် ကျွန်တော်တို့ရွာမှာ နေ့စားအငှားသမားတွေကတော့ နေ့စဉ်အငှားလိုက်နေရလို့ စီးပွားရေးအဆင်ပြေနေကြပါတယ်” ဟု ငါ့သရောက်မြို့နယ် ဗြူကြီးကျေးရွာမှ သုံးလမြေပဲစိုက်တောင်သူ ဦးထွန်းနိုင်က ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံခြားသားများဆိုင်ရာ အက်ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

**ကလေး စက်တင်ဘာ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၏ဦးဆောင်မှုဖြင့် နိုင်ငံခြားသားများဆိုင်ရာ အက်ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ကလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံခြားသားများဆိုင်ရာ အက်ဥပဒေနှင့် နည်းဥပဒေများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသားကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ဂျာနယ်လစ်နှင့် မီဒီယာသမားများ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## ပင်လောင်း အ.ထ.က၌ ပညာပေးဟောပြော

**ပင်လောင်း စက်တင်ဘာ ၂၁**

ကျောင်းသား၊ ကျောင်းသူများအား ဗဟုသုတတိုးပွားစေရန်နှင့် ကျန်းမာရေးအထောက်အကူပြုဖြစ်စေရန် အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အ. ထ. က(၁) ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဆွေတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ကျော်နိုင်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မဥ္ဇူလွင်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက လူမှောင်ခိုကုန်ကူးခံရမှုကြောင့် ခံစားကြရသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

ယင်းနောက် လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဗီနိုင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဗီနိုင်းများ၊ အရက်၊ ကွမ်းယာ၊ ဆေးလိပ်သောက်သုံးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ဖော်ပြထားသည့် အသိပညာပေး ဗီနိုင်းများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းမြင့်နှင့် ဝန်ထမ်းများက ဒုတိယရက် ၁၀၀ ကာလအတွင်း သစ္စာစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်တို့က ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့အား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

# ဂျပန်အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် ဘားအံမြို့အ-မ-က(၂) မူလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ ကူညီထောက်ပံ့မှုဖြင့် တည်ဆောက်ခဲ့သော အမက(၂)မူလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Nobutoshi Hatano၊ ပြည်နယ်ပညာရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအုန်းဖေ၊ မြို့နယ်ပညာရေးမှူး ဦးမောင်ထွန်း၊ ကျောင်းအကျိုးတော်ဆောင် ဦးလှတင်၊ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးအေးရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Nobutoshi Hatano ပြည်နယ်ပညာရေး လက်ထောက်ညွှန်ကြားရေးမှူးတို့က ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Nobutoshi HATANO က ကျောင်းဆောင်သစ်အား မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမက(၂)မူလတန်းလွန်ကျောင်းသည် ဘားအံမြို့၏ အနိမ့်ပိုင်းရပ်ကွက်တွင် တည်ရှိပြီး ကျောင်းဆောင်သစ် မရှိခင်က ကျောင်းအဟောင်းသည် ကြမ်းခင်းများ ဆွေးမြည့်နေပြီး မိုးယိုသည့်အတွက် ကလေးများစာသင်ကြားရာတွင် အခက်အခဲဖြစ်ကြောင်း၊ နှစ်စဉ်ရေကြီးသည့်အခါများတွင် အတန်းငယ်ကလေးများအား ကျောင်းပိတ်ထားရပြီး အတန်းကြီးများသာ သင်ကြားရကြောင်း တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးအေးရီက ပြောကြားခဲ့သည်။

ဆရာ၊ ဆရာမများလည်း တာဝန်ကြီးကာ အခက်အခဲများဖြစ်ကြောင်း၊ ယခုကျောင်းဆောင်သစ်ရှိပြီးဖြစ်သည့်အတွက် ကလေးများစာသင်ကြားရာတွင် စိတ်အေးချမ်းသာစွာဖြင့် ယခင်ကထက် ပိုမိုအဆင်ပြေကြောင်း၊ ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပြီဖြစ်သော်လည်း မီးမရှိသေးသည့်အတွက်ကြောင့် မိုးရွာသည့်အခါ အလင်းရောင် အားနည်းကြောင်း တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးအေးရီကပြောကြားခဲ့သည်။

အမှတ် (၂) မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ကို အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ခြေတံရှည်တစ်ထပ် အာစီအမျိုးအစား အဆောက်အအုံ ပေ (၁၈၀×၃၀) ကျောင်းဆောင်သစ် တစ်ဆောင်၊ ပေ(၁၂၀ × ၃၀) တစ်ဆောင်နှင့် လေးခန်းတွဲ သန့်စင်ခန်းတို့ပါဝင်ကာ Authentic Construction Co:Ltd က US ဒေါ်လာ ၂၂၂၉၁၃ ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင်စတင်၍ တာဝန်ယူတည်ဆောက်ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြီးစီးကာ ယနေ့ဖွင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အစေ့ထုတ်ပြောင်းများ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာ၌ စိုက်ပျိုးထားသော (၈၈၈) အစေ့ထုတ်ပြောင်းဖူးမျိုးများကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် အခွံချွတ်ခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်ဖြင့်ခြွေခြင်းများကို တောင်သူများ စတင်လုပ်ကိုင်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ပြောင်းဖူးမျိုးစေ့တွေကို တစ်အိတ် ကျပ် ၂၂၀၀၀ နှုန်းနဲ့ ဝယ်ယူရပြီး တစ်အိတ်ကို တစ်ဧက စိုက်ပျိုးလို့ရပါတယ်။ စိုက်တဲ့အချိန်ကတော့ ဇွန်လဆန်းပိုင်းလောက်မှာ စတင်စိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီး ရက် ၃၀ သားလောက်မှာ ပေါင်းပေါက်ခြင်း၊ မြေပြုပြင်ခြင်းနှင့် မြေဩဇာကျွေးခြင်းတွေကို လုပ်ဆောင်ရပါတယ်။ စိုက်ပျိုးပြီးသုံးလခွဲကြာတဲ့အခါမှာ ရိတ်သိမ်းပြီး အခွံချွတ်ခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်နဲ့ခြွေပြီး အစေ့ထုတ်ခြင်းတွေကို ပြုလုပ်ပါတယ်။

"အစေ့ထုတ်ပြီး ပြောင်းဖူးစေ့တွေကို ပိုမိုခြောက်သွေ့အောင် ထပ်မံပြီးတော့ အခြောက်လှမ်းရပါတယ်။ ပြီးမှရောင်းတန်းဝင်အဆင့်ကိုရပါတယ်၊ အထွက်နှုန်းအနေနဲ့ကတော့ တစ်ဧကကို တင်း ၈၀ နီးပါးလောက်ထွက်ပြီး ကုန်ကျမှုအနေနဲ့ကတော့ အလုပ်သမားခ၊ ထယ်ထွန်ယက်ခ အပါအဝင် တစ်ဧက စုစုပေါင်းကုန်ကျငွေကျပ် ၂၀၀၀၀၀ နီးပါးရှိပြီးတော့ ရောင်းချမှုအနေနဲ့ ကာလပေါက်ဈေးတစ်တင်းလျှင် ငွေကျပ် ၆၅၀၀ နှုန်းနဲ့ရောင်းရပါတယ်။ ရောင်းချတဲ့အခါမှာလည်း ပျဉ်းမနား၊ တပ်ကုန်းမြို့တွေကို သွားရောက်ရောင်းချတဲ့အပြင် ပွဲစားတွေကလည်း အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူတာလည်း ရှိပါတယ်" ဟု ပြောင်းဖူးနှစ်ဧက စိုက်ပျိုးထားသည့်တောင်သူ ဦးမျိုးသန့်ကပြောသည်။

ယခုနှစ်တွင် အလုပ်သမားခများ ဈေးကြီးပြီး ထယ်ဖိုးကုန်ကျစရိတ်မှာလည်း ပိုမိုကုန်ကျခဲ့သည်။ ဈေးကွက်တင်ရာတွင် ယခုနှစ်ရောင်းချရသည့်ဈေးမှာ ယခင်နှစ်ထက် အမြတ်ငွေရရှိမှုနည်းကြောင်း တောင်သူများက ပြောသည်။

**ရွှေရဲရင့်**



# ကွန်ဟိန်းမြို့ရှိဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ တွေ့ဆုံ၍ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုများ ဆွေးနွေး

**ကွန်ဟိန်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မြို့နယ်ခမ်းမရုံး၌လည်းကောင်း ရပ်ကွက်အလိုက်ခွဲ၍ ရပ်ကွက်နေပြည်သူတို့၏ လိုအပ်ချက်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရ သည်။ **မိုးလွင်ဦး(လွိုင်လင်)**

# မိုးညှင်းမြို့၌ မိုင်းထိသေဆုံးသူနှစ်ဦး၏ မိသားစုများအား ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်

**မိုးညှင်း စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မိုင်းထိသေဆုံးသူ အမျိုးသားနှစ်ဦး၏ ကျန်ရစ်သူ မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ မိုးညှင်းခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက်တွင် မိုင်းထိသေဆုံးခဲ့သည့် ဦးမြင့်ဦး၏ ဇနီး မခိုင်ခိုင်စိုးနှင့် ဦးမျိုးဝင်း၏ ဇနီး မစန်းယုတင်တို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စီ ပေးအပ်ခဲ့သည်။

ယင်းအပြင် အောင်သပြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကလည်း ငွေကျပ် ၃၀၀၀၀ စီ ထောက်ပံ့ခဲ့သည်။

မိုးညှင်းမြို့ အောင်သပြေရပ်ကွက်(၁) မှ ဦးမြင့်ဦးနှင့် ဦးမျိုးဝင်းတို့သည် မြို့ရှောင်ကွင်းလမ်း အရှေ့ဘက် တောင်ယာစိုက်ခင်းသို့သွားသည့် လှည်းလမ်းပေါ်တွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မိုင်းနှစ်လုံး ပေါက်ကွဲ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇွန်လျှန်းမာန်**






# jynbl [jaom&JVyfepepf qif;Oiwef;ZOG;muwefrl;uif

**ကျောက်တန်း စက်တင်ဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း အမှတ်စဉ် (၂၃/၂၀၁၆)ဖွင့်ပွဲ ကျင်းပသည်။

တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကြည်လွင်က ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုး၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး၊ ကျောက်တန်းမြို့မစခန်းမှူး ဒုရဲမှူးကျော်ဆွေ၊ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သင်းဦး၊ ခရမ်းမြို့(ခေတ္တ) ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှသိန်း၊ ကျောက်တန်းမြို့နယ် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်သူ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ၊ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**အောင်ဆွေ-ရွှေတံတား**

# ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာသစ်လူပ်ရှားမှု စီမံကိန်း ကျောက်ချောရိစာလမ်းသစ်ဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၁**

ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မား တိုးတက်လာစေရန်ရည်ရွယ်၍ ကိုးရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့်ဆောင်ရွက်သော ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်ပါဝင်သည့် ကျေးရွာတွင်း ကျောက်ချောရိစာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာအုပ်စု ပေါက်တောရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှညိမ်းက အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ကျေးရွာသစ်စီမံကိန်း (SMU) လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကိုးရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ စေတနာ့ဝန်ထမ်း ဒေါ်ပုလဲဖြူက ကျေးရွာသစ်စီမံကိန်း (SMU) စီမံကိန်းပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများအတွက် ဂုဏ်ပြုစကားကိုလည်းကောင်း အသီးသီးပြောကြားကြရာ ပေါက်တောကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ဥက္ကဋ္ဌ ဦးတင်ရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပေါက်တောကျေးရွာတွင်း ကျောက်ချောရိစာလမ်းသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှညိမ်း၊ ကိုးရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ စေတနာ့ဝန်ထမ်း ဒေါ်ပုလဲဖြူနှင့် ကျေးရွာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်း ဥက္ကဋ္ဌ ဦးတင်ရှိန်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျေးရွာတွင်းကျောက်ချောရိစာလမ်းသစ်မှာ အရှည် ၅၁၅၄ ပေ၊ အကျယ် ၁၅ ပေရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၀၇ သိန်းကျော် ကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရွှေကုက္ကို)**



Ocean
SUPERCENTER
BEST VALUE PRODUCTS AND MORE...
SUPER SAVER
ထာနိမှထာနိ
23rd September ~ 6th October, 2016
SUNKIST
Juice (Orange/ Lychee)
240ml/ 230ml
WOW!
Buy Same 3, Get Same 1
Free!
CJ
100% Pure Soybean Oil
0.9 Ltr
WOW!
1,550 Ks.
Ks. 1,950
CITY SELECTION
Square Plate 4'S
WOW!
1,450 Ks.
Ks. 1,850
WHITE CASTLE
Butter Cookies
454g
3,950
Ks. 4,400
HAIHACO PASTRY
Sesame Cookies
200g
1,300
Ks. 1,450
OVALTINE
Sandwich Cookies
Chocolate Cream
360g
2,200
Ks. 2,300
LOTTE PEPERO
Biscuit Stick (White Cookies/ Almond/ Original)
32g/ 36g/ 47g
Buy Same 2
1,350
Ks. 1,600
MISTER POTATO
Potato Crisps
160g
1,350
Ks. 1,600
HERO BOY
Mixed Fruit Jelly
660g
800
Ks. 880
OVALTINE
Malted Milk/ Chocolate Flavour
(Bottle) 400g
Buy any 1 Get 4
Malted Milk Sticks
free
NESTLE MILO
3in1 Activ-B
450g
Buy 1 Get 2
Milo Sticks (on Pack)
RICH
3in1 Coffeemix Creamy
30S 540g
Buy 1 Get 1
Rich Creamy Mug
free
BRAND'S
All Range of Brand's + Gen U Gift Set
(Except Brand's Gift Set)
Get 1
Bag
free
GLUCERNA
Triple Care Milk Powder Vanilla
850g
Buy 1 Saves
3,000 ks.
ENSURE LIFE
Milk Powder Vanilla/ Chocolate/ Strawberry - 850g
Buy 1 Saves
3,000 ks.
COCA COLA COKE, ZERO/ SPRITE/
MAX PLUS ORANGE, LIME 1.5 Ltr
Buy Same 2
1,300
Ks. 1,600
BURN
Energy Drink
250ml x 6S
Buy 1 Pkt
2,200
Ks. 2,650
MM
Fresh Egg
YGN Only
1,350
Ks. 1,450
DUTCH LADY
UHT Milk Full Cream
180ml x 4S
Buy 2 Pkt Get 1
Game Set
free
DUTCH MILL
Pasteurized Milk
1.8 Ltr (Plain)
Buy 1 Get 1
Dutch Mill Plastic Box
free
DUTCHIE
Yogurt (All Flavour)
140g 4S
2,550
Ks. 2,800
EMMI
Low Fat Yogurt (All Flavour)
100g
1,150
Ks. 1,300
MAGNOLIA
Ice Cream (All Flavour)
420g
3,300
Ks. 3,900
Thadingyut Festival Special
BF
TDG Electric Lantern (Crystal Design)
6,500
CANOPY
TDG Fancy LED Lantern
3,600
BF
TDG 3in1 Electric Lantern 16'S (Cherry)
6,500
BF
Plastic Lantern (Normal/ Flower Design)
3,500
4,000
Slip In Photo Album
12 Sheets
8,500
Ks. 9,500
Happy Thadingyut Festival Special Hamper
09.09.2016 ~ 14.11.2016
Only the Finest Products, specially packed to make the Ideal Gift for this festive season.
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...

သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။

Hot Line: 09 795815900

# Housing & Building 2016

Sep 23 to 25, 2016

Tatmadaw Hall
Yangon, Myanmar

Main Sponsor: Factory to Home

www.events-housingandliving.com

ပြပွဲသို့တက်ရောက်လေ့လာသူများအတွက်နေ့စဉ်မိုဘိုင်းဖုန်းဆက်များစွာကိုကံစမ်းမဲဖွင့်လှူစ်ပေးမည်ဖြစ်သည်။

ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးစိုင်းခွန်နောင်(စိုင်းခွန်နောင်အိမ်ခြံမြေအကျိုးဆောင်)၊ ဦးကိုကိုလေး(Three Friends Construction)နှင့် ဦးသိန်းမြင့်ဇေ(TTI)၊ ဦးဝင်းဇော်(CHD Bank)၊ ဦးသက်နိုင်ဦး(Maverick Management)နှင့် ဦးမျိုးမြင့်(MKT Construction)တို့ မှ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို နေ့စဉ်ဟောပြော ဆွေးနွေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်ပါသည်။

Supported by: TTI
Media Partner: HOME DECOR

M.K.T | David Snow | AMPS | ALPHA CEMENT | HANACO | MGM | ACQUA SANITARIO | IGREEN Construction | Prestige Myanmar | Honeywell | APPLIED

ကိုရီးယား နံပါတ် 1, CJ Foods Myanmarမှ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း။
**ဖြန့်ချိမည့်ပစ္စည်း**-ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီ၊ နေကြာဆီ
လက်ရှိ ဇူလိုင်းတွင် ရေဒီယို ကြော်ငြာထုတ်လွှင့်နေပြီး၊ ၁၀လပိုင်း ၁ရက်နေ့တွင် TVကြော်ငြာ ထုတ်လွှင့်မည့်အစီအစဉ်ရှိခြင်း။ လက်ရှိ မော်လမြိုင်၌ စားသောက်ကုန်နှင့် နေ့စဉ် လူသုံးကုန်ပစ္စည်း ဖြန့်ဖြူးနေသော **လက်ကား**ဆိုင်များအား ဦးစားပေးမည်။ စိတ်ဝင်စားပါက ဖုန်း-၀၉-၇၉၃၁၇၅၇၄၆သို့ ဖုန်းဆက်နိုင်ပါသည်။

**YWCA**
**ပန်းအလှပြုပြင်နည်းသင်တန်း**
**အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း**
နေ့ရက် - ၂၆-၉-၂၀၁၆ မှ ၁၄-၁၀-၂၀၁၆
အချိန် - မွန်းလွဲ၁း၀၀နာရီ မှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်။

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း/နယ်ဝေးသွားများ
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားဖြင့်ဆောင်ရွက်ပေးသည်။
09-450042704
09-250095116
09-420096296

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၁) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့။

**နေရာကောင်းအခန်း(၂)ခန်းငှားမည်**
(၁) လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းမပေါ် Junction Mawtin စင်တာရှေ့တည့်တည့် အကျယ်ပေ (၁၂½×၅၀)ရှိ HKမြေညီ(၂)လွှာငှားမည်။ဈေးနီး၊ ကျောင်းနီး၊ လူစည်ကား၊ လုပ်ငန်းအစုံရ၊ တစ်လ (၁၈)သိန်း(ညှိနှိုင်း)။နိုင်ငံခြားသားလက်ခံသည်။
(၂) လှည်းတန်းစင်တာရှိ ဓာတ်လှေကားပါ အဆင့်မြင့် ကွန်ဒိုတစ်ခန်းငှားမည်။ (၆၀၀) sq/ft ကျယ်ဝန်းပြီး ကားပါကင် ပါဝင်သည်။ တစ်လ (၁၀)သိန်း။ (နိုင်ငံခြားသား OK)
**အကျိုးဆောင်လက်ခံသည်။ ကိုအံ့ကူ ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

STANDARD
Wooden Floor
Buy FLOOR 3 ကျင်း
Get FREE Japan Wall Leather 1 ကျင်း
* Limited Stock only
HOTLINE 09 4555 444 30
09 4555 444 03

iStock®
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်
- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း/အရှုံးအမြတ်
Galaxy Software Co., Ltd.
www.galaxy.com.mm
Contact Us ...
Yangon - 09-254151516, 09-43029798
Mandalay - 09-440067577, 09-979030681
Naypyitaw - 09-974432762, 09-974432763
Pathein - 09-455042499, 09-455042500

အောင်နိုင်သူ ပတ္တမြား ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group

# W.S.D Pile

Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
မိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 01-381964, 09-73131288, 09-73150482, 09-250499988
Off: Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ကြော်ငြာ


**သနီးဒွေးနှင့်ရောင်းရင်းများ၏ သီတင်းကျွတ်ဘုရားဖူးခရီး**

Oct 14, 21, 28 ထွက်မည်

Ph: 01-380141, 01-241863, 09-43043109, 09-73251422

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**MEGA TWO STAR Car Rental**

Hiace, Alphard, Saloon ကားများဖြင့်

**အာရှနဂါး**

မြဝတီ / ကျိုက်ထီးရိုး

ချောင်းသာ / ငွေဆောင်

Ph : 703790, 09 799100100

707062, 09 797100100

**Fully Light** ခရီးသွားကုမ္ပဏီ

လူကြီးမင်းတို့ သွားလိုရာခရီးအား

အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..

01-503815 ,09-333 777 82,09-42 101 3085

**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့

၈ ရက်ခရီး - ၉သိန်း - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၃) ဌာန(အိန္ဒိယ - နီပေါ)

၁၂ ရက်ခရီး - ၉ . ၅သိန်း - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ (သတ်သာနဂိုရ်)၊ ဘုရားဌာနအားလုံး ၊ (အိန္ဒိယ-နီပေါ)

၁၅ ရက်ခရီး - ၁၀ . ၅သိန်း - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဝင်္ဂမြစ်၊ အာဂရာ(တပ်ချုပ်မဟာ)၊နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)


### မန္တလေးတက္ကသိုလ် ဘူမိဗေဒ မိသားစု (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

မန္တလေးတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများဦးစီးပြီး အထက်မြန်မာပြည်တက္ကသိုလ်များ၏ (၁၆)ကြိမ်မြောက် ဘူမိဗေဒအာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် (စနေနေ့)၊ နံနက် ၈နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ (၁၉၅၃ မှ ၂၀၁၆)ခုနှစ် ဘူမိဗေဒကျောင်းသူ၊ ကျောင်းသားဟောင်းမိသားစုများ၏ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ အထက်မြန်မာပြည်တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနများ၊ အောက်ဖော်ပြပါ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့် လှူနေကျသူငယ်ချင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ၁။ ဦးကျော်နိုင်ဦး | (၀၉-၂၀၀၁၇၃၇) |
| ၂။ ဦးတင်မောင်ဦး | (၀၉-၆၇၀၈၀၇၀) |
| ၃။ ဦးတော်မီသိန်း | (၀၉-၂၀၀၁၅၉၈) |
| ၄။ ဒေါက်တာကိုကိုကြီး | (၀၉-၇၉၈၅၁၁၈၉၇) |
| ၅။ ဦးထင်အောင်ဇော် | (၀၉-၂၀၀၁၃၆၃) |
| ၆။ ဦးကိုကိုလှိုင် | (၀၉-၄၀၂၆၈၈၉၈၇) |
| ၇။ ဦးသန်းဝင်း | (၀၉-၂၀၃၅၅၉၁) |
| ၈။ ဦးသန်းထိုက် | (၀၉-၄၃၁၃၅၄၅၆) |
| ၉။ ဦးရဲမင်း | (၀၉-၂၀၀၆၁၉၇) |
| ၁၀။ ဦးစိုးမိုးနောင် | (၀၉-၂၀၀၀၁၇၆) |
| ၁၁။ ဦးအောင်ကျော်မိုး | (၀၉-၄၄၄၀၃၁၅၀၃) |
| ၁၂။ ဦးနိုင်မော်ထွန်း | (၀၉-၇၉၆၆၈၈၈၈၉) |
| ၁၃။ ဦးမြင့်ကြိုင် | (၀၉-၇၉၇၇၇၉၆၄၂) |


**HEALTHY LIFE**

ကျန်းမာလှပလူမှုဘဝဂျာနယ်

အမှတ်(၄၉) ထွက်ပြီ

☎ ၀၉ ၅၁၃၀၉၆၆၊ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၂၂၂၀၇၉၄

Marketing အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ လစာ+ခံစားခွင့်+ခရီးစရိတ် ဖုန်း - ၀၁ ၅၁၆၀၁၂

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်နိုင်းဆုရ

✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

**ဖျံ-၅-ကောင်** အမှတ်တံဆိပ်

**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို** တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဓါးခယ်မ) Ph.D (Alternative Medicines)







# အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးခဲ့သည့် ဖြစ်စဉ်အပေါ် သတင်းစာရှင်းလင်း

## ကျူးလွန်သူတို့မှာ လူကုန်ကူးမှုဥပဒေနှင့် ငြိစွန်းနေသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အရေးယူ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးခဲ့သည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက လှိုင်မြို့နယ်ရှိ အဆိုပါကော်မရှင်ရုံး၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ကော်မရှင်အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနေသည့် အချိန်တွင် တရားရုံးသို့ အမှုဖွင့်တိုင်ကြားမှုမရှိသေးခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှုဖြင့် နှစ်ဖက်ကာယကံရှင်တို့၏ ဆွေးနွေးညှိနှိုင်းသဘောတူမှုအရ ကော်မရှင်အနေဖြင့် သက်သေအဖြစ်သာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ဖက်ကာယကံရှင်တို့ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်မှုများ ပြုလုပ်ရာတွင် ကော်မရှင်အနေဖြင့် ကြားဝင်ဆောင်ရွက်မှုမျိုး မပြုလုပ်ပေးခဲ့ကြောင်း၊ နှစ်ဖက်ကာယကံရှင်တို့၏ ဆွေးနွေးမှုရလဒ်အပေါ်တွင်သာ လူ့အခွင့်အရေးကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများအတိုင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်မှာ တိုင်ကြားလာမှုများအရ အခါအားလျော်စွာ ကွင်းဆင်းဆောင်ရွက်၍ စုံစမ်းဖော်ထုတ်ခြင်း၊ အချို့ကိစ္စရပ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြား ဖော်ထုတ်စေခြင်းဖြင့် သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းများသို့ ဆောင်ရွက်သင့်သည့် နည်းလမ်းကိုသာ အကြံပြုနိုင်ပြီး ကော်မရှင်အနေဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ခွင့်အာဏာမရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဖြစ်စဉ်မှာ သတင်းထောက်တစ်ဦးက ဇွန် ၂၂ ရက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားခဲ့သဖြင့် ကော်မရှင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ အကြောင်းကြားခဲ့ကြောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းစစ်ဆေးမှုများအရ အဆိုပါအိမ်အကူမိန်းကလေးနှစ်ဦးသည် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ အင်းဝအပ်ချုပ်ဆိုင်တွင် အလုပ်လုပ်ခဲ့ကြောင်း၊ မိဘများနှင့်အတူ ပြန်လည်နေထိုင်လိုသော်လည်း အိမ်ရှင်များကို ကြောက်ရွံ့နေရကြောင်း၊ မိဘများကလည်း ပြန်လည်ခေါ်ဆောင်လိုကြောင်း၊ လုပ်အားခငွေအနည်းငယ်သာပေး၍ ခိုင်းစေခဲ့ပြီးနောက်ပိုင်းတွင် လုပ်အားခမပေးတော့ဘဲ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**

# ဥရောပခရီးစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲထပ်မံကစား

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဘယ်လ်ဂျီယံ တတိယတန်းကလပ် ဘာချမ်အသင်းနှင့် စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ည ၁၂ နာရီက ဘယ်လ်ဂျီယံနိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



**မြန်မာ့လက်ရွေးစင်အသင်းနှင့် ဘယ်လ်ဂျီယံကလပ် ဘာချမ်အသင်း ယှဉ်ပြိုင်ကစားနေစဉ်။** ဓာတ်ပုံ-MFF




## ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အွန်လိုင်းမှတစ်ဆင့် အမြန်ဆုံးဆောင်ရွက်နိုင်မည့် မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် စတင်

**စာမျက်နှာ - ၈**

